ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ အင်္ဂါနေ့ (24-1-2012) (၇၀၁၄)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်မည့် ပုံစံကားချပ်ကြည့်ရှု

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်မည့် ပုံစံကားချပ်ကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

အထူးစီးပွားရေးဇုန်များ တည်ထောင်ရာတွင် စီးပွားရေးဖွံ့ဖြိုးရန်နှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိဖြစ်ထွန်းလာရေးရည်ရွယ်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကိုပါ တိတိကျကျ လိုက်နာရန်လိုအပ်

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ထားဝယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မင်း၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဦးဆက်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် တနင်္သာရီတိုင်းဒေသကြီး နယ်မြေဖွံ့ဖြိုးတိုးတက်မှုများနှင့် ထားဝယ်အထူးစီးပွားရေးဇုန်လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးရန် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ နံနက် ၉ နာရီခွဲတွင် ထားဝယ်မြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ထားဝယ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား လေဆိပ်ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ထားဝယ်လေယာဉ်ကွင်း၏ လက်ရှိအခြေအနေ၊ ထားဝယ်လေဆိပ်သို့ နှစ်အလိုက် ခရီးသည်ဝင်/ထွက်မှု၊ လေယာဉ်ကွင်းအား နိုင်ငံတကာအဆင့်မီလေဆိပ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားနေရာနှင့် လေဆိပ်အဆောက်အအုံများ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

အမှာစကားပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ရေဖြူမြို့နယ် လဲရှောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံအတွင်း နဘုလယ်ဒေသရှိ ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၂၄-၁-၂၀၁၂[အင်္ဂါနေ့]။

မက်လုံးများကို သတိထားရှောင်

ရန်ကုန်မြို့ လူစည်ကားရာတစ်နေရာတွင် လမ်းဘေးမျက်လှည့်ပြပွဲတစ်ပွဲ ကြည့်ဖူးသည်။ အဆိုပါနေရာတွင် မျက်လှည့်အဖွဲ့က လူအများဖြတ်သန်းသွားလာနေခိုက် မျက်လှည့်ပြရန် ခင်းကျင်းလိုက်သည်။ ထို့နောက် ဘင်သံတဒိန်းဒိန်းပေး၍ လူအများကိုအသိပေးလိုက်၊ လူအနည်းငယ် စုဝေးလာသောအခါ ၎င်းပြမည့် စိတ်ဝင်စားဖွယ်ပြကွက်တစ်ခုကို ထုတ်ပြလိုက်ပြုလုပ်၏။ ထိုအခါ လူအများဝိုင်းအုံကြည့်ရှုလာကြသောအခါ မျက်လှည့်ပြကွက်ကို ခေတ္တရပ်၍ ဆေးရောင်းပါတော့သည်။

ထိုဆေးရောင်းပြီးလျှင် မျက်လှည့်ဆက်ပြပါတော့မည်ဟု ဆိုသည်။ ထို့နောက် ၎င်း၏လူအချို့က ဝိုင်းဘေးမှနေ၍ တစ်ဘူးပေးပါ၊ တစ်ပုလင်းပေးပါဟုဆိုပြီး မှာကြသည်။ အမောင် တောင်မှန်းမသိ၊ မြောက်မှန်းမသိသူများကလည်း သူများယောင်လို့ယောင် ဘာမှန်းမသိ ဆေးဝယ်ကြသည်။ ပီယဆေး၊ ပြီးဆေး သိပ်ကောင်းသည်ဟု ဆိုသည်။ ဆေးရောင်းပြီးသောအခါ မျက်လှည့်ကိုခေတ္တပြ၍ ဘာမှန်းမသိလိုက်ဘဲ ပွဲပြီးသွားပါတော့သည်။ အဆုံးတွင် မျက်လှည့်ကြည့်လိုဇောဖြင့် ဆေးဝယ်လိုက်ရသည်သာပဲ အဖတ်တင်သည်။

ယင်းသို့ပြုလုပ်ခြင်းကို အလံရှူးပြုလုပ်သည်ဟု ဆိုကြသည်။ လူအများထံမှ လှည့်ဖြားရယူရန်အတွက် မက်လုံးတစ်ခုကိုပေး၍ ဆွဲဆောင်လိုက်ပြီး ၎င်း၏လူတို့က အလံရှူးလုပ်ပေးကြကာ အလိုရှိရာကို လူအများထံမှ ရရှိပြီးနောက် ပွဲကို ဖျက်လိုက်ခြင်းဖြစ်သည်။ ယနေ့စီးပွားရေးလောကတွင် ယင်းကဲ့သို့ မက်လုံးလေးများပေး၍ အလံရှူးလုပ်လာကြသည်ကို သတိပြုကြရပေမည်။

ထိုလုပ်ငန်းများတွင် ဈေးကွက်လှန့်ခြင်းမှာ ကြောက်စရာအကောင်းဆုံးဖြစ်သည်။ ဘယ်ဈေးပေါက်နေပြီ၊ ဘယ်သူတွေကဝယ်ကြသည်။ ဘယ်လောက်ရကြသည်။ တစ်ခဏချင်း ငွေအထုပ်အထည်နှင့် ဖြစ်မည်။ တစ်ယောက်စ၊ နှစ်ယောက်စလောက် မက်လုံးပစ်ပေးလိုက်ပြီး သတင်းလွှင့်ပေးလိုက်သည်။ လူအများယုံကြည်လာသောအခါ မိမိပွဲကိုဆက်ကသည်။ လူအတော်များများပါလာသောအခါ ပွဲကိုဖျက်ပစ်လိုက်သည်။ ထို့နောက် ထိုသူမှာလည်း ဘယ်သို့ရောက်သွားသည်မသိ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတော့သည်။ နောက်မှလိုက်၍ လုပ်လာကြသူများမှာ ပိုက်ဘောမိ၍ ကျန်ရစ်ခဲ့သည်။ ယင်းသို့ပြုလုပ်ခြင်းဖြင့် ဈေးကွက်ပျက်ပြီး ငွေကြေးဖောင်းပွမှုဖြစ်စေသည်။

အခြားမက်လုံးပေးမှုမှာ ရောင်းကုန်များတွင်လည်း ရှိသည်။ ယခုပဲ ကားကြီးရတော့မလို၊ တော်တော့ကြာပဲ တိုက်ကြီးဆောက်တော့မလို၊ ငွေထုပ်ကြီးပဲ ထမ်းရတော့မယောင် ကံစမ်းမဲများ ဖွင့်ပြသည်။ ရသည့်သူက ရသွားကြောင်း ကြော်ငြာပြသည်။ လူအများလိုက်လာသောအခါ ထိုဆုမဲကြီးများမှာ ပေါ်မလာဇာတ်ကားဖြစ်သွားသည်။ ပို၍ဆိုးသည်မှာ လူငယ်လူရွယ်များအား ကိုယ်ကျင့်ပျက်ပြားစေသော ရောင်းကုန်များတွင် မက်လုံးကံစမ်းမဲများပေး၍ ဆွဲဆောင်လာခြင်းဖြစ်သည်။ ကံစမ်းမဲကြီးပေါက်သည် မပေါက်သည်မသိ၊ ကံစမ်းမဲလေးများအနည်းငယ်မျှဖြင့် မှားခေါ်ကာ နောက်ဆုံးတွင် လူငယ်များသာ ဘဝလုံးလုံးပျက်ရသောအခြေအနေသို့ ရောက်သွားခြင်းဖြစ်သည်။

မိမိအကျိုးစီးပွားကိုဖော်ဆောင်ရာတွင် ကောင်းသောမက်လုံးများကိုပေးသင့်သည်။ ကုန်ပစ္စည်းအရည်အသွေး၊ တန်ဖိုးစသည့် အမှန်တကယ်ကောင်းမွန်သည့်အရည်အချင်းများကို ပြသင့်သည်။ မှန်ကန်သောဈေးနှုန်းနှင့် မှန်ကန်သောရောင်းဝယ်မှု ဖြစ်သင့်သည်။ ဝယ်ယူသူတို့ကြိုက်နှစ်သက်အောင် ဖော်ဆောင်ပေးသင့်သည်။ လူသတင်းသည် လူချင်းဆောင်။ ပတ္တမြားမှန်လျှင် နွံမှာ မနစ်။ မိမိအလုပ်သာ အမှန်တကယ်ကောင်းမွန်ပါက မည်သည့်နည်းပရိယာယ်မျှ သုံးစရာလိုမည် မထင်။

သမာအာဇီဝ ကောင်းသောအသက်မွေးမှုသည် မင်္ဂလာတရားနှင့်အညီဖြစ်ပါသဖြင့် မိမိနှင့်အများ နှစ်ဦးနှစ်ဝအကျိုးများသော အလုပ်ကိုသာလုပ်ဆောင်သင့်ကြပေသည်။ တစ်ပွဲတိုးဖြတ်လမ်းဖြင့် အများပြည်သူကိုဆွဲဆောင်စည်းရုံးသော အလံရှူးဇာတ်လမ်းများကို ဖန်တီး၍ စီးပွားရှာကြခြင်းသည် လောက၊ ဓမ္မ၌ လိမ်ညာမှုမြောက်သည့် အသက်မွေးမှုများပင်ဖြစ်ပါကြောင်း အသိပေးတင်ပြလိုက်ပါသည်။ ။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေရေးကြေးရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းအား 2011 အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ Article IV Consulation Mission အဖွဲ့ခေါင်းဆောင် Ms. Meral Karasula နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီအတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေရေးကြေးရေး ဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးအောင်သောင်းအား 2011 အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ Article IV Consulation Mission အဖွဲ့ခေါင်းဆောင် Ms. Meral Karasula နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၈း၀၀ ၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၄။ မြန်မာ့ရှုခင်း

ညပိုင်း

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၅း၃၀ ၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၇၄)**
- ၆း၀၀ ၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၅ ၄။ Guide For You
- ၆း၃၀ ၅။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၅၀)**
- ၈း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈။ ဒို့တာဝန်အရေး(၃)ပါး
- ၉။ နိုင်ငံတကာသတင်း
- ၁၀။ မိုးလေဝသသတင်း
- ၁၁။ မွေးမြူသုတ
- ၁၂။ ဟာသရုပ်စုံ
- ၁၃။ သီချင်းလက်ဆောင်
- ၁၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၃)**
- ၁၆။ Mini Series

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

ညပိုင်း

- ၄း၄၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၆း၁၅ ၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၄။ ဆိုလိုက်ကြစို့
- ၇း၀၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၃၇)
- ၈း၀၀ ၆။ ပြည်တွင်းသတင်း
- ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၂၀)
- ၈။ အိန္ဒိယရုပ်ရှင် "မုန်တိုင်းခြေရာ" (အပိုင်း-၂) (ဇာတ်သိမ်းပိုင်း)

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များနှင့်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၃

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံပြပွဲနှင့် ပတ်သက်၍ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များနှင့် တွေ့ဆုံညှိနှိုင်းခြင်း အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ၂၀၁၃ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးရည်မှန်းလျက် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိခဲ့သူများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု၊ ဆုရရှိမှုမှတ်တမ်းဓာတ်ပုံများနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ Vedio မှတ်တမ်းခွေများ၊ Power Point များ၊ အားကစားသီချင်းများပြပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ ပြပွဲအောင်မြင်စွာ ပြသနိုင်ရေးအတွက် မှာကြားသည်။

ယင်းနောက် Xenon Inject Printing ကုမ္ပဏီမှတာဝန်ရှိသူက ပြပွဲပြသမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုအပ်သည်များ ဆွေးနွေးတင်ပြကြသည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ ASIA PLAZA HOTEL ၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

၂၀၁၂ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော် ဘော်လီဘောကွင်း၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းပွဲစဉ်တွင် စက်မှုဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲ၊ ညနေပိုင်းပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကြပြီး ဇန်နဝါရီ ၂၆ ရက်တွင် တတိယနေရာလုပွဲအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ဇန်နဝါရီ ၂၇ ရက် ညနေ ၃ နာရီခွဲတွင် ဗိုလ်လုပွဲစဉ်အဖြစ် စက်မှုဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပဲခူးတိုင်းဒေသကြီး နှစ်စဉ် ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ထိရောက်စွာကာကွယ်နိုင်ရေးအစီအမံ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ရေကြီးနစ်မြုပ်မှုကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့အဝင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ (၁၀)မိုင်ကုန်းပျိုးဥယျာဉ်သို့ရောက်ရှိပြီး နှစ်ရှည်ပင်၊ ရာသီပင်၊ ပျိုးပင်များကို ကြည့်ရှုစစ်ဆေးကာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသနှင့်ကိုက်ညီသော စားပင်၊ သီးပင်၊ ပျိုးပင်များအား ကျယ်ပြန့်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးကို တိုးချဲ့အကောင်အထည်ဖော်ရန်၊ ပျိုးဥယျာဉ်လုပ်ငန်းမှ နှစ်စဉ်ဝင်ငွေများကို နိုင်ငံတော်ဘဏ္ဍာသို့ အပ်နှံနိုင်ရေး စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်စိုက်ပျိုးရေးအဖွဲ့တို့ပူးပေါင်း၍ ပညာပေးလုပ်ငန်းဆောင်ရွက်ရန် တည်ဆောက်လျက်ရှိသည့် သင်တန်းကျောင်းသို့ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ပွင့်လင်းရာသီအမီ ပြီးစီးရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သနပ်ပင်မြို့နယ် မင်းရွာကျေးရွာ ပဲခူး-စစ်တောင်းတူးမြောင်း မိုင်တိုင် (၁၄/၂)ရှိ မင်းရွာရေထိန်းတံခါးသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တူးမြောင်းတိုးချဲ့ဖောက်လုပ်ရေး စီမံကိန်းညွှန်ကြားရေးမှူး ဦးဘုန်းတင်က မင်းရွာရေထိန်းတံခါး မွမ်းမံတည်ဆောက်ခြင်း၊ မင်းရွာ-ကုက္ကိုတူးမြောင်း၊ မင်းရွာ-ပိုင်ကျုံတူးမြောင်းနှင့် အဗျား-ရှမ်းကိုင်းတူးမြောင်းများ တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပဲခူးတိုင်းဒေသကြီး နှစ်စဉ်ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ထိရောက်စွာကာကွယ်နိုင်ရေး အစီအမံလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ် ပဲခူး၊ သနပ်ပင်နှင့် ကဝမြို့နယ်များ၌ ရေကြီးနစ်မြုပ်မှုကြုံတွေ့နေရမှုအပေါ် အထူးအလေးထား၍ ယခုပွင့်လင်းရာသီ အချိန်မီတည်ဆောက်ပေးနေမှုလုပ်ငန်းစဉ်များနှင့် ပဲခူးတိုင်းဒေသကြီးအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ငွေနှစ်ဆ တိုးတက်စေမည့် ပုလဲသွယ်စပ်မျိုးစပါး ထုတ်လုပ်နေမှုများ၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ကျယ်ပြန့်စွာ လက်တွေ့ပြသဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တောင်သူလယ်သမားများကိုယ်တိုင် ကြီးပွားတိုးတက်လိုစိတ် နိုးကြားစွာဖြင့် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မင်းရွာ-ပိုင်ကျုံတူးမြောင်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်း ၁၀ ဧက၌ ကောက်စိုက်လုံမေများ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးနေမှုများကို လည်းကောင်း ကြည့်ရှုအားပေးပြီး တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား နီပေါနိုင်ငံသံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H. E. Ms. Guna Laxmi Sharma သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးဖေသိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက်က မော်လမြိုင် တက္ကသိုလ် ပင်မဆောင်အခန်းအမှတ် (၁၅)၌ ကျင်းပရာ ယာဉ်ထိန်း (တာဝန်ခံ) ဒုတိယရဲမှူး မြင့်အေး ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု သုံးနှစ်နှိုင်းယှဉ်ချက်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဟောပြောစဉ်။ (၃၀၇)

ညောင်ရွှေမြို့နယ်တွင် အထူးအထွက်တိုး စပ်မျိုးစပါး ၂၇၁ ဧက စိုက်ပျိုးမည်

ညောင်ရွှေ ဇန်နဝါရီ ၂၃

၂၀၁၁-၂၀၁၂ ခုနှစ် နွေစပါးစိုက်ပျိုးမှုတွင် သိပ္ပံနည်းကျ ပေါင်ပျိုးစနစ် ပလတ်စတစ်အုပ် ပျိုးထောင်သရုပ်ပြမှုကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု အလယ်မြောင်းရွာ၌ ကျင်းပသည်။

ညောင်ရွှေမြို့နယ်တွင် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၄၀၊ နွေလျှန်း ၂၅၅၀ နှင့် လျှံယူ ၂၁၈၆ စပါး ၃၁ ဧက စုစုပေါင်း ၂၇၁ ဧကကို ကျေးရွာအုပ်စု ၂၀ တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တောင်သူများ လက်တွေ့သိမြင်စေရန်နှင့် စနစ်တကျစိုက်ပျိုးရန် သရုပ်ပြပွဲကျင်းပခြင်းဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ တစ်ဧက တင်း ၂၀၀ အထက် အထွက်နှုန်းယှဉ်ပြိုင်ရန်အတွက် လယ်ကို ပြုပြင်ထားပြီးဖြစ်ကြောင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်အတိုင်း လိုက်နာဆောင်ရွက်ပြီး ဆုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်သူ ဦးရွှေဘက ဆိုသည်။

ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စုမှ တောင်သူရှစ်ဦးက တစ်ဧက တင်း ၂၀၀ အထက် အထွက်နှုန်း ယှဉ်ပြိုင်မှုအဖြစ် နွေစပါးစိုက်ခင်း ၁၀ ဧက တစ်ဆက်တစ်စပ်တည်း စိုက်ပျိုး၍ ရှမ်းပြည်နယ် (တောင်ပိုင်း)ကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်စိုက်ပျိုးသွားမည်ဟုလည်း သိရသည်။

နေမျိုးသူရိန်(ညောင်ရွှေ)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

တရားမအထူးအယူခံမှု(၁၃)မှုကို စီရင်ချက်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးစိုးညွှန့်နှင့် ဦးမြသိမ်းတို့ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် ခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၁၃)မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်လျှောက်ထားမှု) လေးမှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်မြေဧက ၁၀၀၀၀ အကျိုးပြု ငမိုးရိပ်ရေထိန်းတံခါး

နိုင်ငံတော်တွင် စိုက်ပျိုးရေးကို အခြေခံ၍အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများ၏ ဆင်းရဲမှုလျော့ကျအောင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် နည်းပညာများ မြှင့်တင်တိုးချဲ့ဆောင်ရွက်နိုင်ရန် ရေသယံဇာတ၊ မြေသယံဇာတများကို စဉ်ဆက်မပြတ် စူးစမ်းလေ့လာဖော်ထုတ်လျက် ပြန်လည်ပြုပြင်မွမ်းမံ ဖြည့်စွက်တည်ဆောက်မှုများကို စတင်တည်ဆောက်ပေးလျက်ရှိသည်။

ပြုပြင်မွမ်းမံဖြည့်စွက်ခြင်း ပထမနှစ်လုပ်ငန်းတွင် တောင်နဝင်းဆည်ရေသောက်စနစ်၊ ကာဘိုးရေလွှဲဆည်(ရွှေဘို) ဆည်ရေသောက်စနစ်၊ ငလိုက်ဆည်ရေသောက်စနစ်၊ ကင်းတပ်ရေလွှဲတမံ(လက်ယာ) ဆည်ရေသောက်စနစ်၊ ရေဆင်းဆည်ရေသောက်စနစ်၊ ဆည်တော်ကြီး ဆည်ရေသောက်စနစ်၊ မြောက်နဝင်းဆည်ရေသောက်စနစ်၊ ကာဘိုးရေလွှဲဆည်(ရေဦး)ဆည်ရေသောက်စနစ်၊ ကင်းတပ်ရေလွှဲတမံ(လက်ဝဲ)ဆည်ရေသောက်စနစ်၊ ကင်းတားလက်ဝဲ(တံတားဦး) ဆည်ရေသောက်စနစ်၊ (လက်ဝဲ၊လက်ယာ) ပန်းလောင်ဆည်ရေသောက်စနစ်များနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် ဆောင်ရွက်ဆဲဆည်ရေသောက်စနစ်များ၊ ဆောင်ရွက်ဆဲဆည်ရေသောက်စနစ်များ(ပထမနှစ်)လုပ်ငန်းစီမံကိန်း၊ ဘိုင်းဒါးဆည်ရေသောက်စနစ်၊ မဒေးဆည်ရေသောက်စနစ်၊ ပဒဲဆည်ရေသောက်စနစ်၊ မြောက်ယမား(တိုးချဲ့) ဆည်ရေသောက်စနစ်၊ ချောင်းမငယ်ဆည်ရေသောက်စနစ်၊ ကတိုက်ဆည်ရေသောက်စနစ်၊ ရေဆုတ်ဆည်ရေသောက်စနစ်၊ မမြဆည်ရေသောက်စနစ်၊ လဂွမ်းပြင်ဆည်ရေသောက်စနစ်၊ ပေါင်းလောင်းဆည်ရေသောက်စနစ်၊ မြောက်ယမား (လက်ယာ)ဆည်ရေသောက်စနစ်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိုးချဲ့ပြုပြင်၍ ၂၀၁၂ ခုနှစ်တွင် တည်ဆောက်လျက်ရှိသည်။

အဆိုပါ ဆည်တမံရေထိန်းတံခါးများအနက် ငမိုးရိပ်ရေထိန်းတံခါးသည် သံကူကွန်ကရစ်ရေတံခါးအမျိုးအစားဖြစ်ကာ ၈ ပေ × ၁၆ ပေ တံခါး ၂၇ ပေါက် တပ်ဆင်ပြီး ရေခေါ်မြောင်းမကြီး အလျားပေ ၁၆၀၀ နှင့် ရေထုတ်မြောင်းမကြီးအလျားပေ ၂၃၀၀ အပါအဝင် ရေသွင်း ရေထုတ်မြောင်းများဖြင့် တည်ဆောက်လျက်ရှိသော စီမံကိန်းလည်းပါဝင်သည်။ ထိုရေထိန်းတံခါးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်များတွင် အကောင်အထည်ဖော်လျက်ရှိသည့် စက်မှုလယ်ယာစနစ် လယ်ယာမြေဧက ၁၀၀၀၀ ကိုထိရောက်စွာ အကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ။

သတင်းမှတ်စု - နိုင်ဝင်း

တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့ သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် အမက(၃၆)ကျောင်း၌ ပေ ၃၀ × ၈၅ ပေ ရှိ တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်လျက်ရှိရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၉)လမ်း အမှတ်(၂၂/၂၄)နေ ဦးအောင်-ဒေါ်သောင်းသောင်း မိသားစုက အလှူငွေကျပ်သိန်း ၃၀ ကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါကျောင်းသို့ လာရောက်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးနုနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းအမှုဆောင်များက လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

အလက(၁)ရွှေဘို ကတ္တရာလမ်းသစ်ခင်း

ရွှေဘို ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး အလက(၁) ရွှေဘို၌ ဇန်နဝါရီ ၁၈ ရက်က ကျောင်းဝင်းအတွင်း တောင်မှမြောက်သို့ အရှည်ပေ ၆၀၀ ကျော်ရှိသည့် ကတ္တရာလမ်းသစ်ခင်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါလမ်းနှင့် ရေသန့်စက်အတွက် အလက(၁)၏ ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ဦးသာဌေး (Original Group Co.,Ltd.) က ကနဦးမတည်ငွေကျပ် ၁၈ သိန်းလှူဒါန်းပြီး ရေသန့်စက်တပ်ဆင်နိုင်ရန်အတွက်လည်း ဆက်လက်လှူဒါန်းမည်ဖြစ်သည်။ ယခုလမ်းသစ်ပြီးစီးသွားပါက သွားလာမှုလွယ်ကူချောမွေ့သွားမည်ဖြစ်သဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများပါ ပျော်ရွှင်ကြည်နူးနေကြောင်း သိရသည်။ (၅၇၂)

အာရှတိုက်တစ်ဝန်းရှိ နိုင်ငံများ၌ တရုတ်နှစ်သစ်ကူးပွဲတော် ပျော်ရွှင်စွာနွှဲပျော်

ပေကျင်း ဇန်နဝါရီ ၂၃

အာရှတိုက်သား သန်း ၁၀၀၀ကျော်သည် ဇန်နဝါရီ ၂၃ ရက်က မီးရှူးမီးပန်းများကို ပျော်ပျော်ပါးပါးပစ်ဖောက်ကာ "နဂါးနှစ်"ကို ကြိုဆိုကြကြောင်း၊ တရုတ်ရိုးရာပြက္ခဒိန်၌ နဂါးနှစ်သည် အင်အားအကြီးဆုံးသင်္ကေတတစ်ရပ်ဖြစ်ပြီး ကြွယ်ဝချမ်းသာမှုနှင့် တန်ခိုးစွမ်းပကားကြီးမားမှုတို့ကို ဖော်ညွှန်းနေကြောင်း တရုတ်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရက်ရှည်အားလပ်ရက်ကာလ

မလေးရှားနိုင်ငံမှသည် တောင်ကိုရီးယားနိုင်ငံအထိ အာရှတစ်လွှားတွင် နှစ်သစ်ကူးပွဲတော် ကာလအတွင်း မိမိတို့၏ မိသားစုများနှင့် ပြန်လည်ဆုံစည်းနိုင်ရန် မွေးရပ်ဌာနေများသို့ ပြန်လာလျက်ရှိကြသည်။ တရုတ်နှစ်သစ်ကူးပွဲတော်ကာလသည် အာရှတိုက်၌ နှစ်တစ်နှစ်၏ အရေးအကြီးဆုံး ရက်ရှည်အားလပ်ရက်ကာလ ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ပထမဆုံးအကြိမ် တရုတ်နှစ်သစ်ကူးပွဲတော်ကို ဆင်ယင်ကျင်းပနိုင်ရန် အစိုးရက ပြန်တမ်းဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌လည်း တရုတ်နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာ နွှဲပျော်ကြသည်။

နဂါးနှစ်တွင် သားသမီးရတနာများရရှိနိုင်ရန် အိမ်ထောင်သည်များက မျှော်လင့်ချက်များထားရှိကြသည်မှာ ထူးခြားချက်တစ်ရပ်ဖြစ်သည်။

တိုက်တွန်း

မွေးဖွားနှုန်းနည်းပါးနေသော စင်ကာပူနိုင်ငံ၌ သားသမီးရတနာများရယူကြရန် ဝန်ကြီးချုပ် လီရှန်လွန်းက တိုက်တွန်းခဲ့သည်။ စင်ကာပူနိုင်ငံ၌ လူဦးရေတိုးနှုန်းနိမ့်ကျနေသဖြင့် ပြည်ပအလုပ်သမားများအပေါ် မှီခိုအားထားနေရမှုကို လျှော့ချနိုင်ရန် ရည်ရွယ်လျက် အစိုးရက ယင်းသို့ တိုက်တွန်းခြင်းဖြစ်သည်။

အင်တာနက်။



မြို့တော်ပေကျင်း၌ တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်တွင် ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ၏ မဖွယ်မရာပြုမူမှု ပြင်သစ်တပ်ဖွဲ့ဝင်လေးဦး အသတ်ခံရမှုနှင့် ဆက်စပ်နေ

အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြန့်ကြက်ထားသော ပြင်သစ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကဘူး ဇန်နဝါရီ ၂၃

တာလီဘန်စစ်သွေးကြွများ၏ ရုပ်အလောင်းများအပေါ် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက ကျင်ငယ်စွန့်နေပုံကို ဖော်ပြသောဗီဒီယိုခွေ ပေါ်ထွက်လာမှုကြောင့် ပြင်သစ်တပ်ဖွဲ့ဝင်လေးဦးကို အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အာဖဂန်ကြည်းတပ်အရာရှိတစ်ဦးက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ၏ မဖွယ်မရာ အပြုအမူကို မကျေနပ်သဖြင့် ပြင်သစ်တပ်ဖွဲ့ဝင်လေးဦးကို မိမိသေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပြစ်မှုကျူးလွန်ခဲ့သူ အာဖဂန်တပ်ဖွဲ့ဝင်က ပြောဆိုခဲ့ကြောင်း အာဖဂန်ကြည်းတပ်အရာရှိက ပြောကြားသည်။

ပြင်သစ်တပ်ဖွဲ့ဝင်လေးဦးကို သတ်ဖြတ်ခဲ့ပြီး တပ်ဖွဲ့ဝင် ၁၅ ဦးကို ဒဏ်ရာရရှိအောင်ပြုမူခဲ့သော အာဖဂန်စစ်သားသည် တာလီဘန်အဖွဲ့မှ စိမ့်ဝင်ထိုးဖောက်လာခဲ့သူတစ်ဦးဖြစ်သည်ဟု မိမိသိရှိခဲ့ရကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဂျရတ်လောင်းဂတ်က ပြောကြားသည်။ ၎င်းသည် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့သို့သွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မဖွယ်မရာပြုမူခဲ့သော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ၏လုပ်ရပ်ကို အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်သံရုံးက ပြင်းထန်စွာရှုတ်ချခဲ့သည်။

အင်တာနက်။

ရုပ်မြင်သံကြားစက်များထုတ်လုပ်မှု ဂျပန် ဟီတာချီကုမ္ပဏီ ရပ်ဆိုင်းတော့မည်

တိုကျို ဇန်နဝါရီ ၂၃

ဂျပန်နိုင်ငံရှိ အဆင့်မြင့်နည်းပညာ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် ထိပ်တန်းကုမ္ပဏီဖြစ်သော ဟီတာချီကုမ္ပဏီသည် ယခုနှစ် စက်တင်ဘာလကုန် နောက်ဆုံးထား၍ ရုပ်မြင်သံကြား ထုတ်လုပ်မှုလုပ်ငန်းကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

ဟီတာချီကုမ္ပဏီသည် ၂၀၀၉ ခုနှစ်မှစ၍ ပင်လယ်ရပ်ခြားနိုင်ငံများ၌ ရုပ်မြင်သံကြားထုတ်လုပ်မှုလုပ်ငန်းကို နိုင်ငံခြားကုမ္ပဏီများထံ လွှဲပြောင်းပေးအပ်မှုများ ပြုလုပ်ခဲ့သည်။

သို့ရာတွင် ဟီတာချီကုမ္ပဏီသည် ယခုအချိန်အထိ "ဝူး" အမှတ်တံဆိပ်ဖြင့် ရုပ်မြင်သံကြားစက်များကို ရောင်းချပေးနေဆဲဖြစ်သည်။

ဂျပန်နိုင်ငံ၌ ယန်းငွေတန်ဖိုးတက်နေမှုကြောင့် ကုန်ထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့် ပြည်ပဈေးကွက်များသို့ ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချရာတွင် ဝယ်လိုအားနည်းသည့်ပြဿနာနှင့် တွေ့ကြုံနေရသည်။ ယန်းငွေတန်ဖိုးတက်မှုကြောင့် ပြည်ပဈေးကွက်များ၌ ဂျပန်ကုန်ပစ္စည်းများ ဈေးကြီးမှုဖြစ်ပေါ်နေရသည်။ **အင်တာနက်။**

နိုင်ဂျီးရီးယားမြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက် ၁၆၅ ဦးထက်မနည်းသေဆုံး

အဘူဂျာ ဇန်နဝါရီ ၂၃

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာနိုမြို့၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ၁၆၅ ဦးထက်မနည်း သေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘိုကိုဟာရမ်အမည်ရှိ စစ်သွေးကြွအုပ်စုက အစိုးရရုံးအဆောက်အအုံများကို ပစ်မှတ်ထားကာ ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစိုးရရုံးဌာနများကို မိမိတို့ ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း အဆိုပါစစ်သွေးကြွအုပ်စုက ထုတ်ပြန်ကြေညာသည်။

ယင်းစစ်သွေးကြွအုပ်စုသည် လွန်ခဲ့သည့်နှစ်က နိုင်ငံမြောက်ပိုင်းနှင့် မြို့တော်အဘူဂျာတို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

နိုင်ဂျီးရီးယားသမ္မတ ဂူးလတ်ဂျိုနသန်သည် ဒီဇင်ဘာ ၃၁ ရက်တွင် နိုင်ငံအရှေ့မြောက်ပိုင်းဒေသရှိ ပြည်နယ် လေးပြည်နယ်၏ နယ်မြေအချို့တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ဂျီးရီးယားအစိုးရသည် အဘူဂျာမြို့၌ ခရစ္စမတ်နေ့ ဗုံးခွဲတိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေး အထူးတပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်ပေးခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်၍ အာဖရိကသမဂ္ဂက ပြစ်တင်ရှုတ်ချခဲ့သည်။ **အင်တာနက်။**

အမေရိကန် လေယာဉ်တင်သင်္ဘော ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်း

ဝါရှင်တန် ဇန်နဝါရီ ၂၃

အမေရိကန် လေယာဉ်တင် သင်္ဘောတစ်စင်းသည် ဟော်မုဇ်ရေလက်ကြားကို တနင်္ဂနွေနေ့က ဖြတ်သန်းခုတ်မောင်းသွားကြောင်း လော့စ်အင်ဂျလိစ်တိုင်းမ်သတင်းစာက ဖော်ပြသည်။

ပင်လယ်ကွေ့အတွင်းမှ အမေရိကန်သင်္ဘောများကို အီရန်နိုင်ငံက သတိပေးပြီးသည့်နောက် ပထမဆုံးအကြိမ် ဖြတ်သန်းခြင်းဖြစ်သည်ဟု ဆိုသည်။

လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် အီဗရာဟင်လင်ကွန်းသည် ပါရှန်းပင်လယ်ကွေ့အတွင်း ကျဉ်းမြောင်းစွာတည်ရှိသော ရေလမ်းကြောင်းအတိုင်း ဖြတ်သန်းခဲ့ကြောင်း၊ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိကြောင်း၊ အမေရိကန်အမှတ်-၅ ရေတပ်အုပ်စုက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယင်းလေယာဉ်တင်သင်္ဘောနှင့်အတူ ဗြိတိသျှနှင့် ပြင်သစ်စစ်သင်္ဘောများလည်း ပူးပေါင်းလိုက်ပါလာသည်။

ဤလှုပ်ရှားမှုသည် ကမ္ဘာ့ရေနံ၏ ၂၀ရာခိုင်နှုန်း ဖြတ်သန်းလျက်ရှိသည့် ဟော်မုဇ်ရေလက်ကြား ဆက်လက်ပွင့်နေစေရေးကို နိုင်ငံတကာက ထောက်ခံကြောင်း ပြသလိုသည့် ရည်ရွယ်ချက်ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောသည်။

မကြာသေးမီလများအတွင်း၌ အမေရိကန်ပြည်ထောင်စုနှင့် အနောက်အုပ်စုတို့ကတီဟီရန်အား ၎င်း၏ နျူကလီးယားအစီအစဉ် စွန့်လွှတ်စေရန်ရည်ရွယ်၍ စီးပွားရေးပိတ်ဆို့မှုများ ထပ်မံပြုလုပ်ခဲ့သဖြင့် အီရန်နိုင်ငံနှင့် တင်းမာမှုအရှိန်မှာ မြင့်တက်လာခဲ့သည်။ အီရန်နိုင်ငံက ရေတပ်စစ်ရေးလေ့ကျင့်မှုဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည့်အပြင် ဟော်မုဇ်ရေလက်ကြားကိုလည်း ပိတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် အီဗရာဟင်လင်ကွန်း ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခုတ်မောင်းနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လင်ကွန်းနှင့် အရန်စစ်သင်္ဘောအုပ်စုသည် အာရေဗျပင်လယ်အတွင်းသို့ ယခုလအတွင်း ရောက်ရှိလာကာ အခြားလေယာဉ်တင်သင်္ဘော ကားလ်ဗင်ဆန်နှင့်ပူးပေါင်းခဲ့သည်။ ၎င်းသင်္ဘောနှစ်စင်းနှင့် တိုက်ခိုက်ရေးသင်္ဘောအုပ်စုများကို အမှတ်-၅ ရေတပ်ဖွဲ့တွင် အချိန်အကန့်အသတ်မရှိ တာဝန်ပေးထားရန် ပင်တဂွန် အရာရှိများက စီစဉ်လျက်ရှိသည်။ **အင်တာနက်။**

ရုရှားက ဆီးရီးယားသို့ ဂျက်တိုက်လေယာဉ်ရောင်းမည်

မော်စကို ဇန်နဝါရီ ၂၃

ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံသို့ ဂျက်တိုက်လေယာဉ်များ ရောင်းချရန် ကန်ထရိုက်စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း စီးပွားရေးသတင်းစာတစ်စောင်က တနင်္လာနေ့တွင် ဖော်ပြသည်။

ဆီးရီးယားသမ္မတ ဘာရှာအာဆက်ကို ရုရှားက ထောက်ခံကြောင်းပြသသည့် လက္ခဏာဖြစ်ဖွယ်ရာရှိသည်ဟု ဆိုသည်။

အမည်မဖော်လိုသည့် သတင်းအရင်းအမြစ်ကို ကိုးကား၍ စီးပွားရေးနေ့စဉ်သတင်းစာ "ကွန်မားဆင့်"က အမေရိကန်ဒေါ်လာ သန်း ၅၅၀ တန်ဖိုးရှိသည့် ယတ်-၁၃၀ လေယာဉ် ၃၆စင်းကို ဆီးရီးယားသို့ရောင်းချမည်ဟု ရေးသားဖော်ပြသည်။

၎င်းတိုက်လေယာဉ်တွင် အင်ဂျင်နှစ်လုံး တပ်ဆင်ထားပြီး လေ့ကျင့်ရေးတိုက်လေယာဉ်အဖြစ် အသုံးပြုနိုင်သကဲ့သို့ မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ရာ၌လည်း အသုံးပြုနိုင်သည်။

ဥရောပသမဂ္ဂ(အီးယူ)က ဆီးရီးယားနိုင်ငံကို လက်နက်များရောင်းချပေးခြင်းအား ပိတ်ပင်ထားလင့်ကစား ရုရှားသင်္ဘောက ယင်းနိုင်ငံသို့ လက်နက်များပေးပို့ခြင်းနှင့်စပ်လျဉ်း၍ ဆင်ခြေပေးရန် သို့မဟုတ် ရှင်းလင်းချက်ပေးရန်ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဘာဂျီလက်ရော့ဗ်က လွန်ခဲ့သည့်ရက်သတ္တပတ်က ပြောကြားခဲ့သည်။

အင်တာနက်။

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရုံး အမှုဆောင်ညွှန်ကြားရေးမှူး Mr. Guy Ryder နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး အမှုဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရုံး အမှုဆောင်ညွှန်ကြားရေးမှူး Mr. Guy Ryder ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုံးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့သော အလုပ်သမားအဖွဲ့အစည်းဥပဒေအား အမြန်အာဏာတည်နိုင်စေရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ILO ညီလာခံများနှင့် ILO အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးများ၏ နိဂုံးချုပ်မှတ်ချက်ပါ အကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ထို့ပြင် နိုင်ငံအစိုးရက နိုင်ငံတော်အား ဒီမိုကရေစီစံနှုန်းနှင့်အညီ ဖြစ်စေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ အငြိမ်းစားဝန်ထမ်းများအား အငြိမ်းစားလစာတိုးမြှင့်ခံစားခွင့်ဆောင်ရွက်ပေးခဲ့မှု၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေမှု၊ သတင်းမီဒီယာလွတ်လပ်ခွင့်တိုးတက်လာမှု၊ အကျဉ်းသားများအား နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့် ဆောင်ရွက်ပေးမှုနှင့် နိုင်ငံတစ်ဝန်း အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် သန္နိဋ္ဌာန်စိတ်ဖြင့် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)ရုံးတို့သည် အဓမ္မခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ နောက်ဆက်တွဲ သဘောတူညီချက်ကို စမ်းသပ်ကာလ နောက်ထပ်တစ်နှစ် ထပ်မံသက်တမ်းတိုးမြှင့်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ရုံးကိုယ်စား ILO အမှုဆောင်ညွှန်ကြားရေးမှူး Mr. Guy Ryder တို့က လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များပါဝင်သည့် ILO ရေးရာလုပ်ငန်းအဖွဲ့နှင့် ILO အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တို့သည် အဓမ္မခိုင်းစေမှု ပပျောက်ရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အနာဂတ်လုပ်ငန်းစဉ်များ၊ အသစ်ပြုစုရေးဆွဲရန်ရှိသော အလုပ်သမားရေးရာဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းမြို့ တိုးချဲ့ရေပေးဝေရေးရေစုကန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်တို့သည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဟံသာဂီရိကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဝံသအမှူးပြုသော သံဃာတော် ၁၀၈ ပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့ တကောင်းရပ် သစ္စာစေတီအနီး၌ ရွှေဆွဲလည်း စေတီတော်တည်ထားကိုးကွယ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး မဟာစည်းခုံကြီးစေတီတော်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်း၍ တည်ဆောက်လျက်ရှိသည့် သာသနာ့ဗိမာန်တော်ကြီးကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေမင်းဝံရပ် တိုးချဲ့ရေပေးဝေရေးရေစုကန်ကိုလည်းကောင်း၊ ပတ္တမြားစက်မှုဇုန် ဝေယံလွင် ကြွေပြားစက်ရုံကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရှောင်လမ်းတွင် တံတားတည်ဆောက်မည့်မြေနေရာကို လည်းကောင်း၊ မြင်းမူမြို့နယ် ပျော့ရွာ-မြစ်ပေါက် တာပေါင်မြေဖို့ခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နေပြည်တော်

ကြေညာချက်အမှတ်(၇/၂၀၁၂)

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးမြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၈၄-က)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ပါတီ**အား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၅၀)ဖြစ်ပါသည်။

အမိန့်အရ

(ဝင်းကို)

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရန်ကုန်မြို့ရှိ ဈေးများအားလုံး ပြန်လည်အဆင့်မြှင့်တင် ပြုပြင်သွားမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ ဈေးများအားလုံး ပြန်လည် အဆင့်မြှင့်တင်သွားရန် အစီအစဉ်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဈေးပေါင်း ၁၇၀ ခန့်ရှိသည့်အနက် အဓိကအချက်အချာကြသည့် လမ်းမကြီးများနံဘေးရှိ ဈေးများကို ဦးစားပေး၍ အဆင့်မြှင့်ခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ဈေးသူ၊ ဈေးသားများအား ဆန္ဒခံယူ၍ အတည်ပြုဆုံးဖြတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ ဈေးသူ၊ဈေးသားများက ဈေးအဆင့်မြှင့်တင်ရန်၊ ပြန်လည်ပြုပြင်ရန် သဘောတူညီမှု ရှိ၊ မရှိ ဆန္ဒခံယူ ဆုံးဖြတ်သွားမည်ဖြစ်သည်။

လက်ရှိတွင် မီးလောင်သွားသော သဃ်န်းကျွန်းဈေးကြီးကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိပြီး ဆင်မလိုက်ဈေးကိုလည်း အဆင့်မြှင့် တည်ဆောက်လျက်ရှိသည်။ စံပြငါးဈေးအသစ်ကြီးကိုလည်း တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည်။ ဆက်လက်၍ ယခုနှစ်အတွင်းတွင် လမ်းမကြီးဘေးရှိ ဈေး ၁၀ ခုခန့်ကို ငွေကြေးစိုက်ထုတ်နိုင်သော ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ရှေးဦးစွာ သိပ္ပံဈေး ပြန်လည်တည်ဆောက်ရန် ဈေးသူ၊ ဈေးသားများက မဲပေးကာဆုံးဖြတ်ခဲ့ကြသည်။ဆက်လက်၍ ဦးစားပေးဈေးများအနေဖြင့် ရှမ်းလမ်းဈေး၊ နန္ဒဝန်ဈေး၊ ရေကျော်ဈေး၊ ၁၀ ရပ်ကွက်ဈေး၊ ရာပြည့်ဈေးများကိုလည်း ပြန်လည်တည်ဆောက်ရန် စီစဉ်သွားမည်ဟု သိရသည်။ ဈေးများအား ပြန်လည်တည်ဆောက်သည့်အခါ မူလဆိုင်ခန်းပိုင်ရှင်များအား မြေညီထပ်တွင်သာ ပြန်လည်ရရှိစေရန်အတွက် မြို့တော်စည်ပင်က တာဝန်ယူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းတွင် ဈေးပေါင်း ၁၇၀ ရှိပြီး ဈေးအဆင့်များကို က၊ ခ၊ ဂ၊ ဃ ဟူ၍ အဆင့်လေးဆင့်ခွဲခြားသတ်မှတ်ထားသည်။ ဈေးများတွင် အဆင့်မြင့်ဈေးများ ပါဝင်သကဲ့သို့ အများစုမှာ ပြန်လည်အဆင့်မြှင့်တင်ရန် လိုအပ်နေသော ဈေးများပါဝင်နေသည်။ ရန်ကုန်မြို့တော်အား အဆင့်မြှင့်တင် ဆောင်ရွက်နေရာတွင် အဓိကကျသော ဈေးများကိုလည်း ချန်ထား၍မရကြောင်း မြို့တော်စည်ပင်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ယင်းကြောင့် ရန်ကုန်မြို့တော်ရှိ ဈေးများအားလုံး အဆင့်မြှင့်တင်သွားရန် အစီအစဉ်ကို ၂၀၀၇ ခုနှစ် မတိုင်မီကပင် စီစဉ်ဆောင်ရွက်ခဲ့ပြီး အဆင့်မြှင့်တင်သွားမည့်ဈေးများအနက် ဈေးအချို့၏ ဈေးအဆောက်အအုံပုံစံဒီဇိုင်းများ ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ဈေးများနှင့်ပတ်သက်၍ ကောလာဟလ သတင်းများ မကြာခဏထွက်ပေါ်ခဲ့ရပြီး ယခုအခါ ဈေးသစ်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဈေးသူ၊ ဈေးသားများ၏ ဆန္ဒခံယူကာ ဆောင်ရွက်သွားမည်ဟု သိရသည်။ သဃ်န်းကျွန်းဈေးကြီးကိစ္စတွင် ဈေးသူ၊ ဈေးသားများ၏ သဘောထားဆန္ဒများကို အလေးထား ဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

(၀၀၁)

အင်တာနက်ကျန်းမာရေး

မောင်ဇော်

အပူရှိန်ပြင်းသည့်ကားအတွင်း ပိတ်မိသည့်ကလေးငယ်များ ဦးနှောက်ပျက်စီးနိုင်

ဆစ်ဒနီ ဇန်နဝါရီ ၂၃

ကလေးငယ်များသည် အပူရှိန် အလွန်ပြင်းနေသည့် ကားတစ်စီးအတွင်း ကျန်ရှိခဲ့လျှင်၊ ပိတ်မိနေခဲ့လျှင် အချိန်တိုအတွင်း ဦးနှောက်ပျက်စီးစေနိုင်သည့် စိုးရိမ်ဖွယ်ရာဝေဒနာ ခံစားရကြောင်း (သို့မဟုတ်) သေဆုံးနိုင်ကြောင်း သုတေသနပြုလေ့လာမှုတစ်ခု၏ အစီရင်ခံစာက ထုတ်ဖော်ပြောကြားလိုက်သည်။

ပြီးခဲ့သည့် တစ်နှစ်အတွင်း ကားများအတွင်းမှ ကယ်တင်ခဲ့ရသည့် ကလေးငယ် ၁၅၀၀ ခန့်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလ အတွင်း တံခါးသော့ကျသွားခဲ့သည့် ကားများအတွင်း ယင်းဝေဒနာခံစားရသည့် ကလေးငယ်ကိုးဦးကို တွေ့ရှိခဲ့ရသည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။

အပြင်အပူချိန် ၂၉ ဒီဂရီရှိသည့်နေ့ တစ်နေ့တွင် ကားတစ်စီး၏ လေအေးပေးစက်သည် ကားအတွင်း အပူရှိန် ၂၀ ဒီဂရီရှိနေကြောင်း၊ ယင်းသို့ဖြစ်ပြီး ၁၀ မိနစ်အတွင်းမှာပင် ကားအတွင်း အပူချိန်သည် ၄၄ ဒီဂရီသို့ ရောက်ရှိသွားကြောင်း၊ နောက်ထပ် ၁၀ မိနစ်ကြာပါက အပူချိန်သည် ၆၀ ဒီဂရီသို့ သုံးဆမြင့်တက်သွားကြောင်း La Trobe တက္ကသိုလ်မှ ပါမောက္ခပီတာအိုမီယာက ပြောသည်။

“တိုတောင်းသောအချိန်အတွင်းမှာပင် ယင်းသို့ပူလောင်နေသည့်ကားအတွင်း ကလေးငယ်များနှင့် အိမ်မွေးတိရစ္ဆာန်ငယ်များ ပိတ်မိ၍ကျန်ရှိခဲ့လျှင် ဦးနှောက်ပျက်စီးသော ရောဂါခံစားရနိုင်ကြောင်း (သို့မဟုတ်) သေဆုံးနိုင်ကြောင်း၊ ငယ်ရွယ်သောကလေးငယ်များသည် ယင်းသို့ ဖြစ်နိုင်ခြေပို၍များကြောင်း၊ အကြောင်းမှာ ကလေးငယ်များသည် လျင်မြန်စွာ ရေဓာတ်ခန်းခြောက်သွားသည့်အတွက် ဖြစ်ကြောင်း၊ ယင်းနောက် ကလေးငယ်များသည် သတိလစ်မေ့မြောသွားကြပြီး လုံးဝပြန်လည်ကောင်းမွန်လာနိုင်ခြင်း မရှိတော့ကြောင်း” သုတေသနပြုမှုကို ဦးဆောင်လေ့လာသူ ပါမောက္ခအိုမီယာက ပြောကြားသည်။

အပူရှိန်မပြင်းသည့် နေ့များဖြစ်နေသည့်တိုင် ကားအတွင်းပိတ်မိ၍ ကျန်ခဲ့သည့် အဖော်မဲ့သော ကလေးငယ်များသည် ရုတ်တရက်စိုးရိမ်ရသော နောက်ဆက်တွဲဖြစ်ရပ်များ ရရှိလာနိုင်ကြောင်း ၎င်းက ဆက်၍ရှင်းပြသည်။

ထို့ကြောင့် မော်တော်ကား တံခါးသော့များကို ဂရုတစိုက်စောင့်ကြည့်ခြင်း၊ ကလေးငယ်များကို ကားအတွင်းမှ လုံခြုံစိတ်ချစွာ ခေါ်ယူခြင်း၊ အရွယ်ရောက်အုပ်ထိန်းသူမရှိဘဲ ကလေးငယ်များကို ကားအတွင်း ၎င်းတို့ဘာသာဆော့ကစားခြင်းကို မပြုလုပ်ရန် သတိပေးခြင်း၊ ကားအရန်ပစ္စည်းများ ထားရှိသည့် အလွယ်တကူ ဖွင့်ပိတ်နိုင်သော အခန်းငယ်တစ်ခုထားရှိရန်၊ သို့မှသာ ကားအတွင်း ပိတ်မိခြင်းမရှိစေနိုင်ကြောင်း၊ ပထမဦးစွာ ကလေးငယ်ကို ဦးစွာခေါ်ထုတ်ရမည်ဖြစ်ကြောင်း အိုမီယာ က အကြံပြုပြောဆိုသည်။

ထောင်တွင်းဆေးရုံ၌သာမက ပြင်ပဆေးရုံကြီးများအထိ ပြုစုကုသပေး

ရန်ကုန် ဇန်နဝါရီ ၂၃

အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း ထိန်းသိမ်းထားရှိသော အကျဉ်းသား၊ အချုပ်သား၊ အကျဉ်းသူ၊ အချုပ်သူများကို ထောင်တွင်းဆေးရုံ၌သာမကဘဲ ပြင်ပဆေးရုံကြီးများအထိ ပြုစုကုသပေးလျက်ရှိကြောင်း တာဝန်ခံအရာရှိ ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ အကျဉ်းထောင်အတွင်း ထိန်းသိမ်းထားသူများ၏ ကျန်းမာရေးအတွက် ထောင်တွင်းရှိ ခုတင်(၅၀)ဆံ့ ဆေးရုံတွင် ECG, Ultrasound, X-ray စက်ကြီးများအပြင် သွားစိုက်ခုံ၊ ဓာတ်ခွဲခန်းများထားရှိပြီး အကျဉ်းထောင်ဆရာဝန်များ၊ သူနာပြုများဖြင့် ၂၄ နာရီ ပြုစုပေးလျက်ရှိသည်ဟု သိရသည်။

ထို့အပြင် ပြင်ပသမားတော်ကြီးများဖြစ်သည့် အထွေထွေရောဂါအထူးကု၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါအထူးကု၊ အရိုး၊ အကြောရောဂါအထူးကု၊ စိတ်ရောဂါအထူးကု၊ အရေပြားရောဂါအထူးကု၊ ခွဲစိတ်အထူးကု စသော ဆရာဝန်ကြီးများကိုလည်း အလှည့်ကျပင့်ဖိတ်ပြသပြီး လိုအပ်သော ကုသမှုများကို ထောင်တွင်းဆေးရုံ၌သာမကဘဲ ပြင်ပဆေးရုံကြီးများအထိ ပြုစုကုသပေးလျက်ရှိကြောင်း အင်းစိန်ဗဟိုအကျဉ်းထောင်၏ တာဝန်ခံအရာရှိရုံးက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

(၆၈၀)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ **မီးသတ်ဦးစီးဌာန**

တီဘီလူနာများအားလုံး ဆေးကုသမှုရရှိစေရန် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့

ဒေါက်တာသန္တာလွင်

မြန်မာနိုင်ငံသည် ကုလသမဂ္ဂက ချမှတ်ထားသော ထောင်စုနှစ်ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင်ပြည့်မီရန် အခြားကမ္ဘာ့နိုင်ငံများနည်းတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ တီဘီရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အစီရင်ခံသော နိုင်ငံပေါင်း ၁၉၈ နိုင်ငံအနက် တီဘီအဖြစ်အများဆုံး ၂၂ နိုင်ငံတွင်လည်းကောင်း၊ ဆေးယဉ်ပါးတီဘီအဖြစ် အများဆုံး ၂၇ နိုင်ငံတွင်လည်းကောင်း၊ တီဘီ/အိပ်ချ်အိုင်ဗွီအဖြစ်အများဆုံး ၄၁ နိုင်ငံတွင်လည်းကောင်း မြန်မာနိုင်ငံပါဝင်လျက်ရှိပါသည်။

၂၀၀၉-၂၀၁၀ ခုနှစ်များအတွင်း ဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်ဝန်း ကောက်ယူခဲ့သော တီဘီရောဂါစစ်တမ်းရလဒ်များအရ မြန်မာနိုင်ငံတွင် သလိပ်ပိုးတွေ့ တီဘီဖြစ်ပွားနှုန်းသည် လူဦးရေ တစ်သိန်းလျှင် ၁၇၂ ဦးရှိကြောင်း တွေ့ရှိရပြီး ပြည်နယ်များတွင် တိုင်းဒေသကြီးများထက်လည်းကောင်း၊ မြို့ပြများသည် ကျေးလက်ဒေသထက်လည်းကောင်း ပိုမိုများနေကြောင်း တွေ့ရှိခဲ့ပါသည်။ ယခင်က ခန့်မှန်းထားသည်ထက် ပိုများနေခြင်းကြောင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းအနေဖြင့် တစ်နိုင်ငံလုံးရှိ တီဘီလူနာများ ရောဂါရှာဖွေကုသမှုရရှိနိုင်ရန်အတွက် ဆေးကုသမှု လက်လှမ်းမီရေး တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်လာပါသည်။

တီဘီရောဂါတိုက်ဖျက်နိုင်ရန် မည်ကဲ့သို့ ကူးစက်သလဲဟု ကူးစက်မှုကွင်းစက် (Chain of transmission) ကို လေ့လာပါက တီဘီပိုးများ လေမှတစ်ဆင့် ကူးစက်သောရောဂါ (Air Bome infection) ဖြစ်ပြီး တီဘီရောဂါရှိသူ ချောင်းဆိုးနှာချေရာမှ လေထုထဲရောက်လာသော တီဘီပိုးကို လေနှင့်အတူရှူမိ၍ ကူးစက်ခံရခြင်းဖြစ်ပါသည်။ အကောင်းဆုံးကာကွယ်ရန် ပြည်သူလူထုအထဲမှ တီဘီရောဂါဖြန့်ဖြူး ကူးစက်စေနိုင်သော တီဘီလူနာများအားလုံးကို တွေ့အောင်ရှာ၍ ရောဂါပျောက်ကင်းအောင်ကုသမှုပေးပြီး Treat the source of infection - တီဘီလူနာကို ရောဂါပျောက်အောင်ကုသခြင်းသည်ပင်လျှင် ရောဂါကူးစက်မှုကို ကာကွယ်ခြင်းဖြစ်ပါသည်။ လူဦးရေထူထပ်ခြင်း၊ လူမှုစီးပွားရေးအခြေအနေချို့တဲ့ခြင်း၊ မူလကိုယ်ခံအားတွေချို့တဲ့ခြင်း၊ ဆီးချို ကဲ့သို့သော ရောဂါများဖြစ်ပွားလျက်ရှိခြင်း စသောအခြေအနေများသည် တီဘီရောဂါဖြစ်ပွားရန် အန္တရာယ်ရှိသောအခြေအနေများဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိရာ ၂၀၀၃ ခုနှစ်မှစတင်ပြီး မြို့နယ် ၃၂၅ မြို့နယ်လုံးတွင် လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၀ ခုနှစ်တွင် နေပြည်တော် ရှစ်မြို့နယ်ကို တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ သင်တန်းများပေးပြီး ဆောင်ရွက်လျက်ရှိပါသည်။ တီဘီရောဂါတိုက်ဖျက်ရေးဝန်ထမ်းများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ၊ အစိုးရမဟုတ်သော ပြည်တွင်းလူမှုရေးအသင်းအဖွဲ့လေးဖွဲ့(မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှုးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း)၊ အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့ ၁၁ ဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းဆောင်ရွက်သည့် အေဂျင်စီများနှင့် ပူးပေါင်း၍ ကျေးလက်ဒေသအောက်ခြေအဆင့် လွှမ်းခြုံဆောင်ရွက်လျက်ရှိပါသည်။

တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ ရည်မှန်းချက်များမှာ ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များအတိုင်း နှစ်စဉ် တီဘီလူနာအသစ်ဖြစ်ပွားမှုကို ရပ်တန့်ကျဆင်းလာစေရန်နှင့် ၂၀၁၅ ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းတို့ကို ၁၉၉၀ ခုနှစ်ရှိ အခြေအနေ၏ ထက်ဝက်လျှော့ချရန်တို့ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်အတွက် ပြည်သူလူထုအတွင်းရှိ သလိပ်ပိုးတွေ့ တီဘီလူနာသစ်အားလုံး၏ ၇၆ ရာခိုင်နှုန်းကို ရောဂါရှာဖွေကုသပေးနိုင်ခဲ့ပြီး ကုသသောလူနာများ၏ ၈၅ ရာခိုင်နှုန်းကို ပျောက်ကင်းအောင်ကုသနိုင်ခဲ့ပါသည်။

တီဘီရောဂါရှာဖွေရာတွင် သလိပ်တွင် တီဘီပိုးရှိ၊ မရှိ အဏုကြည့်မှန်ဘီလူးဖြင့် စစ်ဆေးခြင်းနည်းကို သုံးခြင်းကြောင့် အရည်အသွေးပြည့်ဓာတ်ခွဲလုပ်ငန်းကို မြို့နယ်တိုင်းတွင် ထားရှိဆောင်ရွက်လျက်ရှိပါသည်။ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်းကို လိုအပ်သလိုအသုံးပြုသော်လည်း တီဘီရောဂါပိုးကို အဏုကြည့်မှန်ဘီလူးအောက်တွင် မျက်ဝါးထင်ထင်တွေ့ရှိနိုင်သော ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်းက ရောဂါရှာဖွေရာတွင် ပိုမိုတိကျမှုရှိပါသည်။ တစ်နိုင်ငံလုံးရှိ ဓာတ်ခွဲဌာနများ၏ အရည်အသွေးထိန်းသိမ်းခြင်း၊ သင်တန်းပေးခြင်း၊ တီဘီပိုးမွေးခြင်းနှင့် ဆေးယဉ်ပါးမှုစမ်းသပ်ခြင်း၊ သုတေသနပြုလုပ်ခြင်းတို့ကို အင်းစိန်မြို့နယ်(အောင်ဆန်း)ရှိ အမျိုးသားမှီငြမ်းပြုတီဘီဓာတ်ခွဲဌာနနှင့် မန္တလေးတိုင်းဒေသကြီး တီဘီဓာတ်ခွဲဌာနများတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

တီဘီရောဂါရှာဖွေရေးကို ကျေးလက်နေပြည်သူလူထု လက်လှမ်းမီနိုင်ရေးအတွက် တီဘီဓာတ်ခွဲလုပ်ငန်းကို တိုက်နယ်ဆေးရုံအဆင့်ထိဖွင့်လှစ်ခြင်းကို လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနတွင် တီဘီသံသယလူနာများမှ သလိပ်များစုဆောင်း၍ မြို့နယ်ဓာတ်ခွဲဌာနသို့ ပို့ဆောင်ရောဂါရှာဖွေခြင်းနည်းကိုလည်းကောင်း အသုံးပြု၍ လူနာရှာဖွေကုသခြင်းကို လွှမ်းခြုံမှုတိုးမြှင့်လျက်ရှိပါသည်။

တီဘီဆေးကုသရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း တီဘီလူနာအမျိုးအစားအလိုက် ဆေးကုထုံးခွဲခြားကုသပေးလျက်ရှိပါသည်။ ဆေးကုသကာလသည် ခြောက်လမှ ရှစ်လအထိကြာမြင့်၍ တင်းတင်းကျပ်ကျပ်ဆောင်ရွက်ရန် လိုအပ်သည်မှာ ဆေးသောက်ပျက်ကွက်မှုမရှိစေရေးဖြစ်ပါသည်။ ကျန်းမာရေးဌာနတွင် မှတ်ပုံတင်ကုသသောတီဘီလူနာတိုင်းအတွက် တီဘီဆေးကို နေ့စဉ်စောင့်ကြပ်ပြီး ဆေးတိုက်ကျွေးမည့်သူနှင့် ထိုသူမှ လူနာကို ဆေးတိုက်ကျွေးရာတွင် မှန်ကန်မှုရှိ၊ မရှိ တာဝန်ယူကွပ်ကဲဆင်းကြီးကြပ်ရမည့် အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦးစီကို ဆေးစတင်ကုသချိန်တွင် သတ်မှတ်တာဝန်ပေးထားပါသည်။ ထိုသူများသည် မိမိ တီဘီလူနာ ဆေးသောက်ပျက်ကွက်လျှင် အိမ်တိုင်ရာရောက်ကျန်းမာရေးပညာပေးပြီး ပြန်လည်စည်းရုံးခေါ်ဆောင်၍ ဆေးပြန်သောက်စေရန် တာဝန်ရှိပါသည်။ လူနာ၏ မိသားစုမှလည်း လူနာဆေးမှန်မှန်သောက်စေရန် ပံ့ပိုးကူညီပေးရန် တာဝန်ရှိပါသည်။ ဆေးဒဏ်ကြောင့် ဆေးလျှော့သောက်ခြင်းမရှိစေရန် ဆေးပေါင်းများ (Fixed Dose Combinationdrugs) ဖြင့် ကုသပေးလျက်ရှိပါသည်။ ဆေးယဉ်ပါးမှုလျော့နည်းစေရန်လည်း ရည်ရွယ်ပါသည်။

လူကြီးတွင်ဖြစ်သော တီဘီသာမက ကလေးများတွင်ဖြစ်ပွားသော တီဘီရောဂါကို ကုသရန် ကလေးများအတွက် ရည်ရွယ်ထုတ်လုပ်သော တီဘီဆေးများအသုံးပြုပြီး နည်းလမ်းတကျကုသစေရန် ၂၀၀၈ ခုနှစ်တွင် လမ်းညွှန်မှုပေး၍ ဆောင်ရွက်ပေးခဲ့ပါသည်။ တီဘီရောဂါကြိုတင်ကာကွယ်ရန် တစ်နှစ်အောက်ကလေးများကို ဘီစီဂျီကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။ ဘီစီဂျီကာကွယ်ဆေးထိုးခြင်းသည် တီဘီရောဂါဖြစ်ပွားမှုကို ရာနှုန်းပြည့်ကာကွယ်မှုမပေးနိုင်သော်လည်း ကလေးများတွင် အသေအပျောက်များသော တီဘီဦးနှောက်အမြှေးရောင်ရောဂါနှင့် လူးစေ့တီဘီရောဂါများကို ကာကွယ်ပေးနိုင်စွမ်းရှိသောကြောင့် တီဘီရောဂါကာကွယ်ရေးအတွက် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

တီဘီလူနာရှာဖွေကုသမှုတိုးတက်လာစေရန် ၂၀၀၄ ခုနှစ်မှစ၍ ပုဂ္ဂလိကဆေးခန်းများနှင့် ပူးပေါင်းခြင်းကို Public-Private Mix approach ဖြင့် ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံဆောင်ရွက်လျက်ရှိရာ တီဘီလူနာများသည် မိမိတို့အိမ်ရာနှင့် အနီးကပ်ဆုံးဆေးခန်းများတွင် အခမဲ့ရောဂါရှာဖွေဆေးကုသနိုင်ပြီဖြစ်ပါသည်။ ထိုသို့ ပြည်သူ့ဆေးရုံ၊ ဆေးခန်း၊ အထွေထွေရောဂါကုဆေးခန်းများသို့ လာသောလူနာများအပြင် တီဘီလူနာ၏ အိမ်သို့ အိမ်တိုင်ရာရောက်သွားရောက်၍ အတူနေမိသားစုဝင်များအား တီဘီရောဂါရှိ၊ မရှိ စစ်ဆေးခြင်း ရွှေ့ပြောင်းရောဂါရှာဖွေရေးအဖွဲ့များ (mobile team) အသုံးပြုခြင်းဖြင့် တီဘီလူနာရှာဖွေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

တီဘီရောဂါတိုက်ဖျက်ရေးဆောင်ရွက်မှုများကြောင့် တီဘီရောဂါဖြစ်ပွားနှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးနှုန်းကျဆင်းလျက်ရှိသော်လည်း ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီခြင်းမရှိသေးကြောင်း သုံးသပ်ချက်များအရ တီဘီလူနာများအားလုံး ဆေးကုသမှုကို လက်လှမ်းမီစေရန်၊ မြို့ပြသာမက ကျေးလက်မကျန် ဝေးလံသော ဒေသများမှာ တူညီသောအခွင့်အရေးရရှိစေရန်အတွက် (Universal access)နှင့် (Reaching to unreach) လုပ်ငန်းများကို နိုင်ငံတစ်ဝန်းဖြန့်ကြက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းဖြင့်လည်းကောင်း၊ ကုသပျောက်ကင်းပြီးသော တီဘီလူနာများက တီဘီသံသယလူနာများကို ကျန်းမာရေးဌာနများသို့ ညွှန်းပို့ပေးခြင်း၊ ရောဂါကုသပျောက်ကင်းအောင် ဝိုင်းဝန်းစောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများသာမက လူမှုရေးအသင်းအဖွဲ့အစည်းဝင်များ၊ မီဒီယာများမှတစ်ဆင့် ပြည်သူလူထုကို တီဘီရောဂါနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာ ဖြန့်ဖြူးပေးခြင်းဖြင့် လည်းကောင်း တီဘီရောဂါတိုက်ဖျက်ရေးအရှိန်အဟုန်ကို ပိုမိုမြှင့်တင်ရန် လိုအပ်လျက်ရှိပါသည်။ တီဘီဆေးဝါးအလုံအလောက်ရှိပြီး ရှာဖွေတွေ့ရှိသော တီဘီလူနာများအားလုံးကို ကုသနိုင်စွမ်းရှိချိန်မှာ မြန်မာနိုင်ငံ၌ ရှိသမျှတီဘီလူနာများအားလုံးကို အခမဲ့ရောဂါကုသ ပျောက်ကင်းစေချင်ပါသည်။

တီဘီရောဂါတိုက်ဖျက်ရေးအောင်မြင်မှုကို အဖျက်အဆီးအဟန့်အတား ဖြစ်စေနိုင်သည့်အရာများမှာ တီဘီလူနာများ အိပ်ချ်အိုင်ဗွီ (HIV)ရောဂါပိုးကူးစက်ခံထားရပြီး တီဘီ/အိပ်ချ်အိုင်ဗွီဒွန်တွဲဖြစ်ပွားခံစားရခြင်းနှင့် ဆေးယဉ်ပါးသည့် တီဘီ(Multi-Drug Resistant-MDR-TB) ဖြစ်ပေါ်ခြင်းတို့ ဖြစ်ပါသည်။

တီဘီရောဂါသည် အိပ်ချ်အိုင်ဗွီ(HIV)နှင့် ဒွန်တွဲဖြစ်ပွားတတ်ပြီး ၂၀၁၀ ခုနှစ်အတွက် မြို့နယ် ၂၀ ၌ ကောက်ယူခဲ့သော စစ်တမ်းအရ တီဘီလူနာသစ်၏ ၁၀ ရာခိုင်နှုန်းခန့်သည် တီဘီ/အိပ်ချ်အိုင်ဗွီရောဂါနှစ်မျိုး ကူးစက်ခံစားနေကြရကြောင်း သိရှိရပါသည်။ ထိုရောဂါများကာကွယ်တိုက်ဖျက်ရန်အတွက် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ပူးပေါင်း၍ တီဘီလူနာများကို ညွှန်းပို့ပြီး အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံထားရခြင်း ရှိ၊ မရှိ မိမိတို့သဘောဆန္ဒအလျောက် သွေးစစ်ဆေးစေခြင်း၊ တီဘီ/အိပ်ချ်အိုင်ဗွီ ဒွန်တွဲဖြစ်ပွားခံစားရခြင်းရှိပါက တီဘီဆေးကုသခြင်းအပြင် အခြားအခွင့်အရေးယူရောဂါများ မဖြစ်ပွားစေရန် ကာကွယ်ဆေး (CPT-Co-trimoxazole Preventive Therapy) ပေးခြင်း၊ အေအာတီ(Antiretrovial Therapy) ဆေးဝါးများဖြင့် ကုသမှုရရှိနိုင်ရန် ညွှန်းပို့ပေးခြင်းများနှင့် ကျန်းမာရေးပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းလုပ်ငန်းများ၊ ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်ဆေးခန်းများမှ ညွှန်းပို့သော အိပ်ချ်အိုင်ဗွီ ရောဂါကူးစက်ခံစားနေရသူများမှာ တီဘီရောဂါရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည့်ကုသမှုများကို ပြုလုပ်ပေးလျက် ရှိပါသည်။

တီဘီဆေးမတိုး တီဘီဆေးယဉ်ပါးမှုသည် တီဘီဆေးယဉ်ပါးမှုအခြေအနေစစ်တမ်း ၂၀၀၇-၂၀၀၈ ခုနှစ်အရ တီဘီပိုး၏ ပင်ကိုမျိုးရိုးဗီဇပြောင်းလဲမှုကြောင့် သို့မဟုတ် တီဘီဆေးယဉ်နေသော တီဘီလူနာမှ ကူးစက်ခံရခြင်းကြောင့်ဖြစ်သော ဆေးယဉ်ခြင်းကို သလိပ်ပိုးတွေ့တီဘီလူနာအသစ် ၁၀၀ တွင် လေးဦးရှိကြောင်း တွေ့ရှိရပါသည်။ ယခင် တီဘီဆေးကုသခဲ့စဉ်က လိုအပ်သည့် ဆေးပမာဏနှင့် ဆေးကုထုံး မှန်ကန်တိကျစွာမသောက်ခဲ့ခြင်း၊ ဆေးကို ဆေးပတ်လည်သည့်ကာလအထိ ပြည့်ပြည့်ဝဝမသောက်ခဲ့ခြင်း၊ ဆေးသောက်ရန် ခဏခဏ ပျက်ကွက်ခဲ့ခြင်းတို့ကြောင့် ဖြစ်လာသောဆေးယဉ်ခြင်းကို တီဘီလူနာဟောင်း ၁၀၀ တွင် ၁၀ ဦးဖြစ်ပွားခံစားရကြောင်း တွေ့ရှိခဲ့ရပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ဆေးယဉ်ပါးသော တီဘီလူနာများကို တီဘီရောဂါဟု ဆေးရုံကြီးနှစ်ရုံဖြစ်သော ရန်ကုန်မြို့(အောင်ဆန်း)နှင့် မန္တလေးမြို့(ပုသိမ်ကြီး)တို့တွင် ၂၀၀၉ ခုနှစ်မှ စတင်ကုသပေးလျက်ရှိပြီး ဆေးယဉ်ပါးသော တီဘီကုသမှုသည် ၂၄ လကြာမြင့်ပြီး လူနာတစ်ဦးလျှင် ဆေးဖိုး ကျပ်သိန်း ၆၀ ခန့် ကုန်ကျမည်ဖြစ်၍ ရှိသောစွမ်းအားအရင်းအမြစ်များအပေါ် မူတည်ပြီး လူနာဦးရေ တိုးမြှင့်ကုသရန် စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကုသသည့်လူနာများ ပျောက်ကင်းပါမှ အခြားသူများအား ကူးစက်မှုကို တားဆီးနိုင်မည်ဖြစ်၍ လူနာနှင့် လူနာ၏ မိသားစုအနေဖြင့် လူနာဆေးကုသမှု မှန်ကန်ရေး၊ သတ်မှတ်အချိန် ကာလအထိ ကုသနိုင်ရေး၊ အာဟာရပြည့်အောင်စောင့်ရှောက်ပေးရေး၊ နှစ်သိမ့်ဆွေးနွေးပေးနိုင်ရေးနှင့် မကူးစက်အောင်ကာကွယ်ရေး (Infection control) ကို ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လူမှုရေးအဖွဲ့အစည်းများကလည်း ပါဝင်ကူညီပံ့ပိုးပေးရန် လိုအပ်ပါသည်။

နိုင်ငံတော်က ဦးစားပေးကျန်းမာရေးပြဿနာအဖြစ် တိုက်ဖျက်နေသော တီဘီရောဂါတိုက်ဖျက်ရေး နည်းဗျူဟာမှာ တီဘီရောဂါဖြစ်သော လူနာတိုင်းကို စောစောစီးစီးတွေ့အောင်ရှာ၊ အမြန်ဆုံးပျောက်အောင် ကုသမှုပေးရန်ဖြစ်ပါသည်။ လူနာ သို့မဟုတ် ကျန်းမာရေးဝန်ထမ်းတစ်ဖက်ဖက်က ပေါ့ဆမှုကြောင့် ရောဂါပျောက်အောင်မကုသနိုင်ခြင်း၊ ကုသနေစဉ် ဆေးယဉ်သော လူနာများဖြစ်သွားခြင်းတို့ကြောင့် လူသားများ ရှူနေသော လေထုထဲသို့ ဆေးမတိုးသော တီဘီပိုးများ ရောက်လာနိုင်ခြင်းကို တားဆီးရန် လူနာနှင့် ကျန်းမာရေးဝန်ထမ်းများသာကမ ပြည်သူတိုင်းမှာ တာဝန်ရှိပါသည်။ လက်ရှိ ရှိနေသော တီဘီဆေးများနှင့် ပျောက်ကင်းအောင် ကုသနိုင်ချိန်တွင် ပျောက်ကင်းအောင်ကုသပြီး ဆေးယဉ်ပါးမှုကို မဖြစ်ပေါ်ရန် ကာကွယ်ရပါမည်။

တီဘီရောဂါကို လျင်လျင်မြန်မြန် စမ်းသပ်ရှာဖွေနိုင်ရန် ကမ္ဘာတွင် ရောဂါရှာဖွေရေးနည်းလမ်းသစ်များ ရှာဖွေနေစဉ် ၆လ-၈လ မကြာဘဲ ရောဂါကုသဖို့ ဆေးဝါးသစ်၊ ကုထုံးနည်းသစ်တွေ ရှာဖွေနေစဉ်၊ ကာကွယ်ရန် ကာကွယ်ဆေးနည်းသစ်များ စမ်းသပ်ဖော်ထုတ်နေစဉ် တီဘီရောဂါတိုက်ဖျက်ရန် အားလုံးဆောင်ရွက်နိုင်သည်မှာ ပြည်သူလူထုပါဝင်မှုကို ပိုမိုပြည့်ပြည့်ဝဝ ဆောင်ရွက်မှုရရှိစေနိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် ဖြစ်ပါသည်။

ပြည်သူလူထုထဲ၌ တီဘီရောဂါဖြန့်ဖြူးနေသူများဖြစ်သော တီဘီလူနာများ၊ တီဘီသံသယလက္ခဏာဖြစ်သော ချောင်းဆိုးရက် နှစ်ပတ်ကျော်နေသူများကို စောစောရှာဖွေကာ ကျန်းမာရေးဌာနများသို့ ညွှန်းပို့ပြီး တီဘီရောဂါရှာဖွေ စမ်းသပ်စေရန်၊ သလိပ်နမူနာ သုံးခွက်စစ်ဆေးစေရန်၊ ရောဂါရှိလျှင် မြန်မြန်ဆေးကုသမှုရရှိအောင် ဆောင်ရွက်ပေးရန် “တိုက်ရိုက်ကြည့်ရှုဆေးတိုက်ကျွေး” ပေးရန်၊ ဆေးသောက်ပျက်ကွက်သူကို အမြန်ဆုံးပြန်ခေါ်ဆောင်ပြီး ဆေးဆက်သောက်စေရန်၊ ရောဂါကာကွယ်ရေးအနေနှင့် လူနာ၏ မိသားစုဝင်များကို တီဘီရောဂါလက္ခဏာရှိမရှိ စမ်းသပ်ပေးရန်၊ ထိရောက်သော ကျန်းမာရေးပညာပေးခြင်း၊ အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအပါအဝင် တောရောမြို့နေ ပြည်သူလူထုအားလုံး၏ အမျိုးသားရေးတာဝန်ဟု သတ်မှတ်ပြီး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အမျိုးသားကျန်းမာရေးပြဿနာဖြစ်သော တီဘီရောဂါကို ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးပြဿနာအဖြစ်ခံယူပြီး စုပေါင်းတာဝန်ယူဖြေရှင်းစေခြင်းနည်း (Community empowerment in TB control) ဖြစ်ပါသည်။ အရှိန်အဟုန်မြှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

တီဘီလူနာများအား ပြည်သူလူထုနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းစွမ်းအားဖြင့် ရှာဖွေဖော်ထုတ်ကုသပေးပြီး နောင်အနာဂတ်ကာလတွင် တီဘီရောဂါကင်းဝေးရေးအတွက် ရည်မှန်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၁၂ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၄၀ “အနတ္တလက္ခဏသုတ်”
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”**
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ”**
- ၈း၅၀ The Shop Around The Corner (Part-6)
- ၉း၂၅ Cartoon Show Time
- ၁၀း၀၀ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုပြည်သူအားလုံး ဂရုပြု
- ၁၀း၃၀ Celebrity Style
- ၁၀း၅၅ International Show Biz
- ၁၁း၁၅ အကောက်ခွန်ဆိုင်ရာ သီကောင်းစရာကဏ္ဍ
- ၁၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”**
- ၁၂း၂၀ Activities in The City
- ၁၂း၃၅ မြိမ့်မြိမ့်သဲဆင်ကာနွဲ့ အမရပူရမြို့ကဆွမ်းလောင်းပွဲ
- ၁၂း၅၀ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအလုပ်အမှုဆောင် အဖွဲ့၏ရောဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာခြင်း
- ၁း၀၀ “အနတ္တလက္ခဏသုတ်”
- ၂း၂၀ သင်ကြားရေးလမ်းညွှန်
- ၂း၅၀ Activities in The City
- ၃း၀၀ အားကျအတုယူစေချင်
- ၃း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ”**
- ၄း၅၅ Nano Energizer (Engine Ceramic Coating)
- ၅း၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”**
- ၆း၁၅ Celebrity Choice
- ၆း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”**
- ၇း၄၅ MMDC မှ ဖွင့်လှစ်လိုက်သည့် Taste of TV Training 1/2012
- ၈း၃၀ ဥရောပဂန္ထဝင် တေးသွားဂီတ မိတ်ဆက်ပွဲ (အပိုင်း-၂)
- ၈း၅၀ အနုပညာမိုးကောင်းကင်
- ၉း၂၀ The Shop Around The Corner (Part-7)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ”**
- ၁၀း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”**
- ၁၁း၁၀ ဟိုတယ်လမ်းညွှန်
- ၁၁း၄၀ လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက် အတွင်းစာဖတ်စို့
- ၁၁း၄၅ World of Knowledge
- ၁၂း၃၅ ကလေးများ၏ကျန်းမာဖွံ့ဖြိုးရေး
- ၁၂း၅၅ ဖန်တီးသူနှင့်အနုပညာ
- ၁း၄၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၂း၀၅ တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
- ၂း၁၅ တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
- ၂း၄၀ စုပေါင်းဆင်နွဲမန္တလာမြေရဲ့ခြင်းပွဲ
- ၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၅ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
- ၄း၂၀ မြန်မာ့လက်ရာ
- ၄း၃၅ အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
- ၄း၄၅ အလောင်းတော်ကဿပ လိုဏ်ဂူတော်

အကြိမ်(၄၀)မြောက် သွေးလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော် ဓာတ်ပုံဌာနစိတ်မှ ကိုယ်ပိုင်အမှတ်(လဝက-၁၄၅၉၈) လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးအောင်မြင့်စိုး **(ယာပုံ)** သည် ဇန်နဝါရီ ၁၆ ရက်တွင် အမှတ်(၂) တပ်မတော်စစ်ဆေးရုံ ခုတင် (၁၀၀၀)သိုက်ချောင်း၌ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိမ်(၄၀)မြောက် သွေးလှူဒါန်းခဲ့သည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဂျီနီဗာမြို့၌ ကျင်းပသည့် အကြိမ်(၁၃၀) မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အလုပ်အမှုဆောင်ဘုတ်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အလုပ်အမှုဆောင်ဘုတ်အဖွဲ့ အစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇန်နဝါရီ ၁၆ ရက်မှ ၂၁ ရက်အထိ ကျင်းပသော အကြိမ်(၁၃၀)မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အလုပ်အမှုဆောင်ဘုတ်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိသော အဆိုပါဘုတ်အဖွဲ့အစည်းအဝေးသို့ အဖွဲ့ဝင် ၃၃ နိုင်ငံမှ ကျန်းမာရေးဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ကျန်းမာရေးဆိုင်ရာအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံ၊ ဝန်ထမ်းရေးရာ၊ စီမံခန့်ခွဲမှုစနစ်နှင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ ကျန်းမာရေးစီမံချက်လုပ်ငန်းများဖြစ်သော ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး၊ ကူးစက်တတ်ခြင်းမရှိသော နာတာရှည်ရောဂါများ ကာကွယ်ကုသရေး၊ အာဟာရမြင့်တင်ရေး၊ စိတ်ကျန်းမာရေး၊ ဆေးဝါးများ အရည်အသွေးပြည့်မီရေး၊ ကာကွယ်ဆေးထိုးလုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Dr. Margaret Chan အား ဒုတိယသက်တမ်းငါးနှစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ရန် လျှို့ဝှက်မဲဖြင့် အတည်ပြု ဆုံးဖြတ်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ ပိုမိုအကျိုးရှိအောင် ဆောင်ရွက်ခြင်းလုပ်ငန်းသည် ကောင်းမွန်ပါကြောင်း၊ လက်တွေ့ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုပါ စဉ်းစားရမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကုသရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တိုးချဲ့ဆောင်ရွက်သည့် ကိစ္စများနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို စီမံချက်အလိုက် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ ဒေသတွင်းမှ

(Export Led Growth Model) ပို့ကုန်ဦးစားပေး စီးပွားရေးပုံသဏ္ဌာန်များကို ကျင့်သုံးဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် အဓိကပို့ကုန်ကဏ္ဍ အသီးသီးမှအများဆုံး ပို့ကုန်လုပ်ငန်းရှင်များလည်း တက်ရောက်လျက်ရှိရာ အမယ်သစ်ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ပို့ကုန်အရည်အသွေးများ တိုးတက်စေရေးနှင့် တန်ဖိုးမြင့်ပို့ကုန်များ တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးမြင့်က ကုန်သွယ်မှုမြှင့်တင်ရေး ဟုဆိုရာ၌ ပြည်ပကုန်သွယ်ရေးနှင့် ပြည်တွင်းကုန်သွယ်ရေးဟူ၍ နှစ်ပိုင်းရှိကြောင်း၊ ပြည်ပကုန်သွယ်မှုတိုးမြှင့်ရေးတွင် ပမာဏ၊ အရည်အသွေး၊အမယ်သစ်နှင့် ဈေးကွက်သစ်များ ရှာဖွေဖော်ထုတ်ရှာဖွေရမည် ဖြစ်ကြောင်း၊ မြန်မာပို့ကုန်ပမာဏကို ဒေသတွင်း ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်စသည့် နိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာပါက အမှန်ပင်နည်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့ပြင် ပို့ကုန်တင်ပို့မှုကဏ္ဍတွင်လည်း လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ကုန်ကြမ်းအဆင့်ကိုသာ နှစ်ပေါင်းများစွာ အဓိကတင်ပို့လျက်ရှိပြီး စက်မှုထုတ်ကုန်ကဏ္ဍပါဝင်မှုမှာ ဒေသတွင်းနိုင်ငံအချို့နှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ရာ၌ ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံနှင့် သင်ခန်းစာကို ရယူနိုင်သကဲ့သို့ လိုအပ်သော အကြံဉာဏ်နှင့် နည်းပညာများလည်း ပူးပေါင်းရယူဆောင်ရွက်နိုင်ကြောင်း၊ အစိုးရသစ်၏ ရဲရင့်သော ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ချက်များကို အောင်မြင်ရန် အကောင်အထည်ဖော်ရာ၌ ပုဂ္ဂလိကနှင့် အစိုးရပိုင်း နှစ်ရပ်လုံးမှ အတွေးအခေါ် အယူအဆများ(Mindset) ပြောင်းလဲရန် လိုအပ်သကဲ့သို့ အရည်အသွေးမြင့်မားသည့် လူ့အဖွဲ့အစည်းဖြစ်ရန်လည်း ပြုစုပျိုးထောင်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ စီးပွားရေးပညာရှင်များ၊ စီးပွားရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ လုပ်ငန်းရှင်များက ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးချွန်သားသမီးများအား ဒုတိယအကြိမ် ပညာသင်စရိတ် ထောက်ပံ့မည်

နေပြည်တော် ဇန်နဝါရီ ၂၃

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှု၊ သီဟမင်းနှင့် ကြယ်စင်ဟိန်း ကားလိုင်းပိုင်ရှင် ဦးစိန်မြင့်၊ ဒေါ်ညွန့်တင် မိသားစု၏ ဦးဆောင်မှုဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ နေ့စဉ်ခရီးသည်များနှင့် ကုန်ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိသည့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်တာဝန်ခံများ၏ ထူးချွန်သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ပညာသင်စရိတ်များ ထောက်ပံ့ပေးမည်ဖြစ်သည်။

ပညာသင် ထောက်ပံ့ရေးအတွက် မြိတ်-ထားဝယ်၊ ထားဝယ်-မော်လမြိုင်၊ မော်လမြိုင်-ရန်ကုန်သို့ ကုန်ပစ္စည်းများနှင့် ခရီးသည်များအား နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည့် ယာဉ် ၁၃၅ စီးထံမှ အသွားတစ်ခေါက်လျှင် ငွေကျပ် ၃၀၀၀၊ အပြန်တစ်ခေါက်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ စတင်ကောက်ခံလျက်ရှိပြီး ဒုတိယအကြိမ် ပညာသင်စရိတ် ထောက်ပံ့ပွဲကို ဇူလိုင်လတွင် ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

✻ ကျောက်ဖြူမှ

နေရာလွတ်မရှိအောင် ခင်းကျင်းပြသထားသည့် သစ်သားပန်းပုရုပ် အမျိုးအစားပေါင်းစုံနှင့် အရွယ်အစားပေါင်းစုံကို ကြည့်ခြင်းအားဖြင့် ကမ္ဘာ့အကြီးကျယ်ဆုံး သစ်ပန်းပုပြပွဲဟု ခေါ်ဆိုသည်မှာ မလွန်ဟုဆိုရချေမည်။

အဆိုပါပွဲတော်ကို အနုပညာပစ္စည်း အမယ်သစ်များ ထုတ်လုပ်၍ ဈေးကွက်သစ်များ ရှာဖွေရောင်းချရန်နှင့် လက်မှုပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂပစ္စည်းများထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပရောင်းချမှုကြောင့် ထုတ်လုပ်သူနှင့် နိုင်ငံတော်ပါ နိုင်ငံခြားဝင်ငွေများ ရရှိနိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ ပွဲတော်ကျင်းပရေး ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ဦးဌေးအောင်ကြည်က "ဒီပွဲတော်မှာ မြန်မာတစ်ပြည်လုံးက ပန်းပုပညာရှင်တွေ ထုလုပ်ပြသကြမှာပါ။ ပန်းပုပညာရှင် ၃၀၀ ကျော်လောက်ရှိပါတယ်။ အများဆုံးကတော့ ပဲခူးတိုင်းဒေသကြီး ဒါးပိန်မြို့က ပန်းပုပညာရှင်တွေပါ။ ပန်းပုရုပ်ပေါင်းက သောင်းဂဏန်းလောက်ရှိပါတယ်။ကမ္ဘာမှာ ဒီလောက်သစ်သားပန်းပုရုပ်များများနဲ့ ပြသတဲ့ သစ်ပန်းပုပြပွဲ ရှိတယ်လို့တော့ ကျွန်တော်မကြားဖူးပါဘူး။ ပွဲတော်မှာ သမဝါယမအသင်းတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေရဲ့ လက်မှုအနုပညာပစ္စည်းတွေ၊ ပရိဘောဂတွေနဲ့ ပန်းပုတွေကို တိုက်ရိုက်ရောင်းချခြင်းနဲ့ စာချုပ်ချုပ်ဆိုရောင်းချခြင်းဆိုတဲ့ ပုံစံတွေနဲ့ ရောင်းချပေးမှာပါ"ဟု ပြောပြသည်။

သစ်ပန်းပုပြပွဲနှင့် ပြိုင်ပွဲတွင် ပြိုင်ပွဲနှစ်မျိုးသတ်မှတ်ထားပြီး မော်ဒန်ပန်းပုပြိုင်ပွဲနှင့် စိတ်ကြိုက်ပန်းပုပြိုင်ပွဲဟူ၍ သတ်မှတ်ထားသည်။ ပြိုင်ပွဲတစ်မျိုးစီတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုငါးဆုစီကို ချီးမြှင့်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်းနှင့် အထူးဆု တစ်ဆုလျှင် ငွေကျပ် ငါးသိန်းဖြင့် ချီးမြှင့်သွားမည်ဖြစ်သည်။

ပန်းပုပညာနှင့် ပန်းပုရုပ်တုများကို ချစ်မြတ်နိုးသူတစ်ဦးဖြစ်သူ ဦးတင်ဦးကလည်း "ဒီလိုပြပွဲကြီးမျိုး ပြုလုပ်ခြင်းကထင်းဖြစ်သွားမယ့်သစ်တွေကို တန်ဖိုးမြင့်ပစ္စည်းဖြစ်လာအောင်လုပ်တာမို့ ကောင်းသော လုပ်ဆောင်ခြင်းပါပဲ။ ဒီလိုလက်ရာကောင်းတွေဟာ နိုင်ငံတကာမှာ မတွေ့နိုင်တဲ့လက်ရာတွေလို့ ကျွန်တော်ထင်တယ်။ ဒီလိုရုပ်တုကြီးတွေကို ထုထည်ကြီးကြီးမားမားနဲ့ထုတာ ကမ္ဘာမှာတောင်ရှိမယ်မထင်ဘူး။ အလေအလွင့်ဖြစ်တော့မယ့် သစ်တွေကို ဒီလိုအနုပညာမြောက်တဲ့ လက်ရာတွေနဲ့ ထုလုပ်ပုံဖော်လိုက်တာဟာ မြန်မာတစ်ယောက်အနေနဲ့ ဂုဏ်ယူစရာပါပဲ"ဟု ပြောပြသည်။

အဆိုပါ ပြပွဲမျိုးကို ၂၀၀၉ ခုနှစ်တွင် "နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်"၊ ၂၀၁၀ ခုနှစ်တွင် "မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်"အမည်ဖြင့် ပြသခဲ့ဖူးပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက်ကျင်းပခြင်းဖြစ်သည်။ အဆိုပါ ပြပွဲ၊ ပြိုင်ပွဲနှင့် အရောင်းပွဲတော်ကို ဗဟိုသမဝါယမအသင်းလီမိတက်နှင့် ကောင်းမြန်မာအောင်ကုမ္ပဏီလီမိတက်တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မာန်ဖီနေသည့် ခြင်္သေ့ရုပ်ကြီးကလည်း အသက်ဝင်လှသည်။

မြတ်ဗုဒ္ဓသာသနာတော် နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် ပြည်သူ့ဥယျာဉ် ဓမ္မသဘင် ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၃

မြတ်ဗုဒ္ဓသာသနာတော်နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ် ပြည်သူ့ဥယျာဉ် ဓမ္မသဘင်ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ဥယျာဉ်၌ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ညစဉ် ၇ နာရီခွဲတွင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၇ ရက်တွင် ယောဆရာတော်၊ ၁၈ ရက်တွင် ချမ်းမြေ့ဆရာတော်၊ ၁၉ ရက်တွင် သီတဂူဆရာတော်၊ ၂၀ ရက်တွင် ပါမောက္ခချုပ်ဆရာတော်နှင့် ၂၁ ရက်တွင် ဗန်းမော်ဆရာတော်တို့က တရားချီးမြှင့်ကြမည်ဖြစ်သည်။

မြတ်ဗုဒ္ဓသာသနာတော်နှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဦးခိုက်၍ ပြည်သူ့ဥယျာဉ်၌ ပထမဦးဆုံးကျင်းပမည့် ဓမ္မသဘင်ဖြစ်ပြီး လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ပူဇော်ရင်း တရားဓမ္မများ နာကြားကြရမည့် ဓမ္မသဘင်လည်းဖြစ်ရာ နယ်မြေဒေသ အသီးသီး၌ ဓမ္မမိတ်ဆွေများအနေဖြင့် ကြွတော်မူကြ၍ ဓမ္မသဘင်ပွဲ၌ ပါဝင်ကူညီလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပရိယတ္တိဓမ္မဗိမာန်တော်ကြီးအတွက် အလှူငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင်နယ်မြေ မြို့ရှောင်လမ်း အဝေးပြေးကားဝင်းအနီး ယာဉ်ရပ်နားစခန်းဟောင်း မြေနေရာ၌ တည်ဆောက်ဆဲဖြစ်သော အလျားပေ ၂၀၀၊ အနံပေ ၁၀၀၊ အမြင့်လေးထပ်ရှိ ပရိယတ္တိဓမ္မဗိမာန်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက်တွင် ဖက်တန်းရပ်ကွက် အဘယသုတရာမကျောင်း၌ ကျင်းပရာ ကွယ်လွန်သူ(သားကြီး)မောင်းဝင်းနိုင်ဦး (၅)နှစ်ပြည့်အား ရည်စူး၍ အလှူရှင် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် တပ်မြေအနောက်လမ်း စံပြအေးရပ် ဦးမြင့်စိုး-ဒေါ်ကျင်စန်းရီ မိသားစုတို့က ငွေကျပ်သိန်း ၅၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေး နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ လေးထပ်ပရိယတ္တိဗိမာန်တော်ကြီးအား ငွေကျပ်သိန်း ၂၀၀၀၀ အကုန်ကျခံတည်ဆောက်ဆဲဖြစ်ပြီး ယင်းလေးထပ်အဆောက်အအုံတွင် ဆရာတော်၊ သံဃာတော် အပါး ၄၀၀၀ ကျော် စာဖြေဆိုနိုင်မည် ဖြစ်သည်။

ပရိယတ္တိဓမ္မဗိမာန်တော်ကြီးကို ၂၀၁၀ ခုနှစ် ဧပြီလမှစတင်၍ တည်ဆောက်ခဲ့ရာ တည်ဆောက်မှုလုပ်ငန်း ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီး ကျန်ရှိသော တည်ဆောက်ရေးလုပ်ငန်းများ အချိန်အဟုန်မြှင့် တည်ဆောက်နိုင်ရေးအတွက် အလှူရှင်များပါဝင် လှူဒါန်းလိုပါက ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသ ဝဲပုံစာသင်တိုက် ဖုန်း-၀၅၇-၂၂၉၃၅၊ ဆရာတော် ဘဒ္ဒန္တ နာဂိန္ဒ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မင်းကျောင်း ပရိယတ္တိစာသင်တိုက် ဖုန်း-၀၅၇-၂၄၀၁၃၊ ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ ပြည်နယ်သံဃနာယကအဖွဲ့ အတွင်းရေးမှူး ဇောတိကာရုံကျောင်း ဖုန်း-၀၅၇-၂၇၃၆၉၊ ဆရာတော် ဘဒ္ဒန္တသာသန မြို့နယ်သံဃနာယကအဖွဲ့အတွင်းရေးမှူး ဖုန်း-၀၅၇-၂၅၅၂၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီမံကိန်းရေးဆွဲရေးမိသားစု သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

စီမံကိန်း ရေးဆွဲရေးမိသားစုများ၏ သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၉ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရွှေရှမ်းကန်စားသောက်ဆိုင် အင်းလျားလမ်း တက္ကသိုလ်များလေ့လော်အသင်း (ရန်ကုန်)၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ကန်တော့ခံမည့်သူများနှင့် ပင်စင်စားများ၊ ဝန်ထမ်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)



ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ထားဝယ် လေဆိပ်ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

တိုးချဲ့တည်ဆောက်သွားရန် လျာထားဆောင်ရွက်မှု၊ မြေနေရာလျာထားမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တာဝန်ရှိသူများအား ထားဝယ်ဒေသသည် နိုင်ငံတကာနှင့် ဆက်သွယ်သွားလာမှု တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ ဤလေဆိပ်သို့ ၂၀၁၀ ခုနှစ်ကထက် ၂၀၁၁ ခုနှစ်တွင် ခရီးသည် နှစ်ဆခန့် ပိုမိုအသုံးပြုလာသည်ကိုတွေ့ရကြောင်း၊ အလားတူ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ပြည်တွင်းခရီးသည်များသာမက ပြည်ပခရီးသည်များပါ ဝင်ထွက်မှုပိုမိုတိုးတက် များပြားလာမည်ဖြစ်၍ ထားဝယ်လေဆိပ် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ထားဝယ်အထူးစီးပွားရေးဇုန်၏ တည်ဆောက်ရေးစီမံကိန်းများ ဆောင်ရွက်မှုနှင့် အချိန်ကိုက် ချိတ်ဆက်ဆောင်ရွက်ရန် လိုကြောင်း၊ လေဆိပ်တိုးချဲ့ရာတွင် အနာဂတ်ကာလ၌ ဤဒေသ၏ ဖွံ့ဖြိုးလာမည့် အခြေအနေကို တွက်ဆ၍ လိုအပ်ချက်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းတည်ဆောက်နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်အထူးစီးပွားရေးဇုန်သို့ ရောက်ရှိကြရာ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်ရှိ စီမံကိန်းနှင့် ပတ်သက်သည့် အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ၊ အသစ်တည်ဆောက်မည့် လူနေအိမ် နမူနာတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကျေးရွာများ ရွှေ့ပြောင်းရာတွင် ပြန်လည်တည်ဆောက်ပေးမည့် အိမ်အမျိုးအစား(၃)မျိုးအနက် အလတ်စားအိမ်ရာ တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အထူးစီးပွားရေးဇုန်ကို အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာရေး၊ ထားဝယ်ဒေသတွင် စက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းသစ်များ၊ လမ်းနှင့် ဆက်သွယ်ရေးကွန်ရက်များ ပေါ်ပေါက်လာခြင်းကြောင့် ဒေသစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး၊ ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်လျက် ဒေသအတွင်း၌ အထောက်အကူပြု စက်မှုလုပ်ငန်းသစ်များ၊ စီးပွားရေးလုပ်ငန်းသစ်များ ပေါ်ပေါက်လာစေလျက် ဒေသဖွံ့ဖြိုးတိုးတက်မြှင့်တင်နိုင်ရေး၊ ထားဝယ်ဒေသသို့ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်၍ ထားဝယ်ဒေသစီးပွားဖွံ့ဖြိုးတိုးတက်စေရေးသာမက နိုင်ငံတော်၏ စီးပွားရေးကိုပါ အရှိန်မြှင့်တင်နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်လာသော ခေတ်မီနည်းပညာနှင့် အတတ်ပညာများရရှိပြီး မိမိလုပ်သားများ၏ ကျွမ်းကျင်မှု တိုးတက်လာရာမှ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့လျက် မိမိပြည်တွင်း စက်မှုလုပ်ငန်းများ တိုးတက်လာရေးနှင့် အရှေ့တောင်အာရှဒေသ၏ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသော နေရာဒေသအဖြစ် ပေါ်ထွန်းစေရေးဟူသည့် ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စတုရန်းကီလိုမီတာ ၂၀၄ ဒသမ ၅၁ အကျယ်အဝန်းရှိသော အထူးစီးပွားရေးဇုန် စီမံကိန်း၊ ထားဝယ်မှ မြန်မာ-ထိုင်းနယ်စပ် ဖူနမ်ရွှမ်ကျေးရွာအထိ ၁၆၀ ကီလိုမီတာခန့် အရှည်ရှိမည့် အဝေးပြေးကားလမ်းစီမံကိန်း၊ အထူးစီးပွားရေးဇုန်သို့ လျှပ်စစ်ဓာတ်အား ပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်း၊ ထားဝယ်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံသို့ သွယ်တန်းမည့် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့် ထားဝယ်ဆိပ်ကမ်းမှ ထိုင်းနယ်စပ်အထိ အရှည် ၁၇၀ ကီလိုမီတာ ဖောက်လုပ်မည့် ရထားလမ်းစီမံကိန်းများကို ဆက်စပ်တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ အလားတူ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့် အနေဖြင့် တန်ချိန် နှစ်သိန်းခန့်နှင့် နောင်တွင် တန်ချိန်သုံးသိန်းအထိ သယ်ဆောင်နိုင်သော သင်္ဘောများ ဆိုက်ကပ်နိုင်ရန် ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာများ ရွှေ့ပြောင်းနေရာချထားရေးနှင့် စပ်လျဉ်းပြီး ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေ ၃၉၈၄ လုံး၊ အိမ်ထောင်စု ၄၀၇၅ စု၊ လူဦးရေ ၂၃၁၂၀ တို့ကို ရွှေ့ပြောင်းရာတွင် နေထိုင်ရန်အိမ်၊ လုပ်ကိုင်စားသောက်ရန် လယ်ယာခြံမြေအပါအဝင် စီးပွားရေးဇုန်နှင့် လူမှုရေးဘဝကို ယခုထက်ပိုကောင်းသော ပိုပြည့်စုံသော အခြေအနေ ရောက်ရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်၊ လမ်း၊ ရေ၊ မီး၊ ကျောင်း၊ ဆေးရုံ၊ ဈေး၊ အားကစားကွင်းတို့ဖြင့် စနစ်တကျ ပြည့်စုံစွာ အကွက်ချဆောင်ရွက်ပေးနေမှုများ၊ နေရာသစ်၊ ကျေးရွာသစ်သို့ ရွှေ့ပြောင်းနေရာချထားရာတွင် မရွှေ့ပြောင်းမီ နေရာသစ်၌ အဆင်သင့်ဖြစ်နေအောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် အသေးစိတ်ရှင်းလင်းသည်။

ထို့နောက် Italian Thai Development Public Co.,Ltd.ဥက္ကဋ္ဌ Mr. Premchai Karnasuta က ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ နှစ်အလိုက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ထားဝယ်အထူးစီးပွားရေးဇုန်၏ မြေအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှု၊ အုပ်ချုပ်မှုဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်း ဆောင်ရွက်ရာတွင် အထူးစီးပွားရေးဇုန် ဥပဒေပါအတိုင်း စနစ်တကျ ဆောင်ရွက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် နိုင်ငံတော်သမ္မတဦးဆောင်၍ နိုင်ငံတကာနှင့်ဆက်သွယ်ဆက်ဆံမှုကောင်းမွန်ရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ အကျိုးရလဒ်အဖြစ် နိုင်ငံတကာနှင့် ဆက်ဆံရေးများ တိုးတက်လာပြီး စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

ယနေ့ မျက်မှောက်ကာလတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ ဆောင်ရွက်နိုင်ရန် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း သီလဝါ အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်များတွင်လည်း လိုအပ်သော ဥပဒေများပြဋ္ဌာန်း၍ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ဤ ထားဝယ် အထူးစီးပွားရေးဇုန်အား တည်ဆောက်ရသည့်ရည်ရွယ်ချက်များမှာ ထားဝယ်ဒေသသို့ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက် ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံတော်၏ စီးပွားရေးကိုပါ အရှိန်မြှင့်တင်နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်လာသော ခေတ်မီနည်းပညာနှင့် အတတ်ပညာများရရှိပြီး ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများရရှိ၍ မိမိလုပ်သားများ၏ အရည်အသွေး ကျွမ်းကျင်တိုးတက်လာရာမှ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့လျက် ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်လာရေးတို့ကို ရည်မှန်းထူထောင်ခြင်း ဖြစ်ပါကြောင်း၊ ရည်မှန်းချက်များပြည့်စုံအောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ထို့ပြင် စီမံကိန်းဧရိယာနှင့် မလွတ်ကင်း၍ ကျေးရွာများကို ပြောင်းရွှေ့ရာတွင် ကာယကံရှင်များ နစ်နာမှုမရှိစေရန် ကိုယ်ချင်းစာတရားဖြင့် ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

ယင်းတို့၏ အခြေအနေကို ယခင်ကထက် သာလွန်တိုးတက်ကောင်းမွန်သည့် အဆင့်တစ်ခုသို့ ရောက်ရှိလာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြောင်းရွှေ့ရမည့် နေရာတွင် အိမ်၊ လမ်း၊ အထကကျောင်း၊ ဆေးရုံ၊ ဈေး၊ အားကစားကွင်း၊ ရေ၊ လျှပ်စစ်မီး စသည့် အခြေခံလိုအပ်ချက်များရရှိရေးတို့ကို ရှေးဦးစွာ ဆောင်ရွက်ပြီးမှသာ ပြောင်းရွှေ့ပေးရန်ဖြစ်ကြောင်း၊ ထို့ပြင် ယင်းတို့ လုပ်ကိုင်စားသောက်နိုင်ရန်အတွက် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများပါ ဖော်ထုတ်ပေးရန် ဖြစ်ကြောင်း၊ ဥယျာဉ်ခြံမြေ အသစ်များ စိုက်ပျိုးထားသော်လည်း အဆိုပါလုပ်ငန်းမှ ဝင်ငွေမရမီ ကြားကာလတွင်လည်း လတ်တလော စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ထောက်ပံ့ကြေးများ ပေးသွားရန်ဖြစ်ကြောင်း။

ထို့ပြင် ကလေးသူငယ်များ၏ ပညာစဉ်ဆက်မပြတ်သင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ စနစ်တကျ ဆောင်ရွက်ပေးနိုင်ရန်၊ ကျေးရွာများ အသစ်ထူထောင်ရာတွင်လည်း စုစုစည်းစည်းဖြင့် ထူထောင်ပေးရန် ဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအပါအဝင် လုပ်ငန်းများ ဆောင်ရွက်ရာ၌ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မည် ဖြစ်သကဲ့သို့ ကျေးရွာများလည်း စုစုစည်းစည်း၊ သိုက်သိုက်ဝန်းဝန်း ဖြစ်ပေါ်လာမည် ဖြစ်ကြောင်း။

ဆက်စပ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အလေးထား ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ဤအထူးစီးပွားရေးဇုန်များ တည်ထောင်ရာတွင် စီးပွားရေးဖွံ့ဖြိုးရန်နှင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိဖြစ်ထွန်းလာရေးသည် အဓိကရည်ရွယ်ထားရှိရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကိုပါ တိတိကျကျ လိုက်နာရန်လိုအပ်ကြောင်း၊ ဥပဒေများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနက အမြန် ရေးသားသွားရန်လိုကြောင်း၊ အစိုးရအဖွဲ့အစည်း၊ သက်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရုံသာမက တတိယအဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်၍ဆောင်ရွက်မည့် အစီအမံများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြသခြင်း၊ အကြံဉာဏ်များရယူခြင်း၊ လိုအပ်ပါက ပြုပြင်ဆောင်ရွက်ခြင်းများကို အလေးထား ဆောင်ရွက်သွားကြရန် လိုပါကြောင်း။

သို့ရာတွင် အချို့စီမံဆောင်ရွက်မှုများကို ဂဃနဏ မသိရှိ၍ ကောင်းမွန်အောင်နှင့် စနစ်တကျဖြစ်စေရန် အကြံပြုနေမှုများရှိသကဲ့သို့ ယခုလုပ်ငန်းအပေါ် သဘောထားအမြင် မှားယွင်းသုံးသပ် ပြောဆိုနေမှုများလည်း ရှိကြောင်း။

သို့ဖြစ်ရာ နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ လူထုဆက်ဆံရေးအဖွဲ့များ ဖွဲ့စည်း၍ အများပြည်သူထင်သာမြင်သာရှိစေရန်အတွက် ရှင်းလင်းဆွေးနွေးမှုများ လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်စေရန် ကြိုးကြပ်သကဲ့သို့ အများသိရှိအောင် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပြောင်းရွှေ့ရမည့်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ Italian Thai Development Public Co, Ltd. ဥက္ကဋ္ဌက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

ဘာသာပြန် - ထွန်းထွန်း

စပျစ်သီး စားသုံးခြင်းဖြင့် မျက်စိအမြင်အာရုံချို့ယွင်းခြင်းကို ကာကွယ်နိုင်

နယူးယောက် ဇန်နဝါရီ ၂၃

စပျစ်သီးစားသုံးခြင်းသည် အသက်အရွယ်ကြီးခြင်းနှင့် ဆက်စပ်နေသည့် မက်ကျူလာများ(Macular)ယိုယွင်းပျက်စီးခြင်းနှင့် အသက်ကြီးလာချိန်၌ အဓိကဖြစ်စေသည့် မျက်စိအမြင်အာရုံချို့ယွင်းပျက်စီးခြင်း၊ မမြင်ခြင်းတို့ကို တားဆီးပေးနိုင်သည်(သို့) လျော့နည်းစေနိုင်သည်ဟု အမေရိကန်သုတေသီများက အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အသက်အရွယ်ကြီးခြင်းနှင့် ဆက်စပ်နေသည့် အမြင်အာရုံ ဆုံးရှုံးခြင်းသည် အရွယ်လွန်ချိန်၌ တဖြည်းဖြည်းတိုး၍ ဖြစ်ပေါ်နေသည့် Oxidative ပျက်စီးခြင်းဖြစ်သည်ဟု နယူးယောက် Fordham တက္ကသိုလ်မှ ဆယ်လ်ဗီယာဖင်နမ်မန် (Silvia Finneman)က ပြောသည်။ သဘာဝဆိုင်ရာ ဓာတ်တိုးပစ္စည်း ဆန့်ကျင်ဆေး (Antioxidants)တွင် တစ်သက်တာအာဟာရများပြည့်ဝနေပေသည်။ စပျစ်သီးတွင် ပါဝင်သည့် ယင်းအာဟာရများသည် မျက်စိအာရုံကြောဆိုင်ရာ ရောင်ခြည်များဖြစ်သည့် အက်ပီသီလီယမ်ဆဲလ်များနှင့် လုပ်ငန်းများကို တိုက်ရိုက်အကျိုးပြုသည်ဟု ဆယ်လ်ဗီယာဖင်နမ်မန် (Silvia Finneman) က ကြေညာချက်တွင် ဖော်ပြသည်။

အသက်အရွယ် ကြီးရခြင်းနှင့် ဆက်စပ်နေသည့် မက်ကျူလာ (Macular)ယို ယွင်းပျက်စီးခြင်းသည် မျက်စိအမြင်အာရုံလွှာ၏ အလယ်တွင်ရှိသည့် မက်ကျူလာ(Macular)ပျက်စီးဆိုးရွားလာစေခြင်းကို ဖြစ်စေသည့် မျက်စိအခြေအနေပင် ဖြစ်သည်။ မက်ကျူလာ (Macular)သည် အသက်ကြီးပိုင်းအရွယ်တွင် အမြင်အာရုံကို ချို့ယွင်းပျက်စီးစေနိုင်သည်။ ကြွက်များတွင်လည်း အသက်ကြီးပိုင်း၌ မျက်စိအမြင်ခံအာရုံလွှာ ထိခိုက်ပျက်စီးခြင်း ပိုမိုဖြစ်ပွားလေ့ရှိရာ လူတို့ကဲ့သို့ စပျစ်သီးပြည့်ဝသည့် အာဟာရ၊ လျူတိန်း(Lutein)(သို့) ပုံမှန်အာဟာရကို ကျွေး၍ စမ်းသပ်သည်။

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ



ပေးသွားရန်ဖြစ်ကြောင်း။

ထို့ပြင် ကလေးသူငယ်များ၏ ပညာစဉ်ဆက်မပြတ်သင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ စနစ်တကျ ဆောင်ရွက်ပေးနိုင်ရန်၊ ကျေးရွာများ အသစ်ထူထောင်ရာတွင်လည်း စုစုစည်းစည်းဖြင့် ထူထောင်ပေးရန်ဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအပါအဝင် လုပ်ငန်းများ ဆောင်ရွက်ရာ၌ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မည် ဖြစ်သကဲ့သို့ ကျေးရွာများလည်း စုစုစည်းစည်း၊ သိုက်သိုက်ဝန်းဝန်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

ဆက်စပ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အလေးထား ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ဤအထူးစီးပွားရေးဇုန်များ တည်ထောင်ရာတွင် စီးပွားရေးဖွံ့ဖြိုးရန်နှင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိဖြစ်ထွန်းလာရေးသည် အဓိကရည်ရွယ်ထားရှိရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကိုပါ တိတိကျကျ လိုက်နာရန်လိုအပ်ကြောင်း၊ ဥပဒေများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနက အမြန် ရေးသားသွားရန်လိုကြောင်း၊ အစိုးရအဖွဲ့အစည်း၊ သက်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရုံသာမက တတိယအဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်၍ဆောင်ရွက်မည့် အစီအမံများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြသခြင်း၊ အကြံဉာဏ်များရယူခြင်း၊ လိုအပ်ပါက ပြုပြင်ဆောင်ရွက်ခြင်းများကို အလေးထား ဆောင်ရွက်သွားကြရန် လိုပါကြောင်း။

သို့ရာတွင် အချို့စီမံဆောင်ရွက်မှုများကို ဂဃနဏ မသိရှိ၍ ကောင်းမွန်အောင်နှင့် စနစ်တကျဖြစ်စေရန် အကြံပြုနေမှုများရှိသကဲ့သို့ ယခုလုပ်ငန်းအပေါ် သဘောထားအမြင် မှားယွင်းသုံးသပ် ပြောဆိုနေမှုများလည်း ရှိကြောင်း။

သို့ဖြစ်ရာ နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ လူထုဆက်ဆံရေးအဖွဲ့များ ဖွဲ့စည်း၍ အများပြည်သူ ထင်သာမြင်သာရှိစေရန်အတွက် ရှင်းလင်းဆွေးနွေးမှုများ လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်စေရန် ကြိုးကြပ်သကဲ့သို့ အများသိရှိအောင် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပြောင်းရွှေ့ရမည့် ကျေးရွာများအတွက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များကို သက်ဆိုင်ရာကုမ္ပဏီက ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ထားဝယ်စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြုအဖွဲ့ (ယာယီ)တို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးရန်နှင့် ပြည့်ပြည့်စုံစုံဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြရာ Italian Thai Development Public Co., Ltd. ဥက္ကဋ္ဌ Mr. Premchai Karnasuta က စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဧရိယာအတွင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီရုံး အဆောက်အအုံများ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရေဖြူမြို့နယ် လဲရှောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတက ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် မလွတ်ကင်းသည့် ကျေးရွာများ ပြောင်းရွှေ့ရာတွင် ယခင်ကထက် တိုးတက်ကောင်းမွန်သည့်အဆင့် ရရှိအောင် နိုင်ငံတော်က ကြီးကြပ်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူရာ ဆရာတော်ကြီးများကိုယ်စား လဲရှောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာဝံသက ဩဝါဒစကား မြွက်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်ဓမ္မာရုံအတွင်း နဘုလယ်ဒေသရှိ ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့အဖွဲ့ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် လုပ်ငန်းများနှင့် ကျေးရွာသစ်များ တည်ထောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ကြခြင်း ဖြစ်ပါကြောင်းဖြင့် ပဏာမ ပြောကြားပြီးနောက် ခေတ်မီ နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် အဓိက လိုအပ်ချက်များဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေမှု၊ လက်နက်ကိုင် ဆန့်ကျင်မှုများ ပပျောက်ချုပ်ငြိမ်းရန် ထာဝရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးစီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော် စီးပွားရေးလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ရန် မြန်မာ အထူးစီးပွားရေးဇုန် ဥပဒေနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေများကို ပြဋ္ဌာန်း၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဤထားဝယ်အထူး စီးပွားရေးဇုန်သည် နောင်ဆက်လက်တည်ထောင်မည့် အထူးစီးပွားရေးဇုန်များ၏ ရှေ့ပြေးစီမံကိန်းဖြစ်၍ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့အပြင် ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မလွတ်ကင်း၍ ရွှေ့ပြောင်းပေးရမည့်သူများ အတွက်လည်း နေထိုင်ရေး၊ စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ အဆင်ပြေရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများမြင့်မားရေးကို အထူးအလေးထားဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

နေအိမ်၊ လမ်း၊ ကျောင်း၊ ဆေးရုံ၊ ဈေး၊ အားကစားကွင်း စသည့်အခြေခံအဆောက်အအုံများ၊ ရေနှင့်လျှပ်စစ်မီး လိုအပ်ချက်များ ပြည့်ပြည့်စုံစုံရှိမှသာ ပြောင်းရွှေ့ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံမြေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ဤကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက်လည်း အထူးစီးပွားရေးဇုန် ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး အနီးကပ်ကြီးကြပ်ပေးနိုင်ရေးအတွက် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌအား တာဝန်ပေးသွားမည် ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများ စနစ်တကျရှိရေး၊ ကာယကံရှင်များ၏ ပြောင်းရွှေ့မှု အဆင်ပြေရေး၊ လိုအပ်ချက်များ ပြည့်ပြည့်စုံစုံရရှိရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြုအဖွဲ့(ယာယီ)တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာများမှ ရပ်မိရပ်ဖများဖြစ်ကြသော ဦးကြွယ်၊ ဦးမောင်လွင်၊ ဦးယုစိန်၊ ဦးရွှေခဲနှင့် ဦးကြည်ဝင်းတို့က ပြောင်းရွှေ့ကျေးရွာများ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ဒေသခံရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာသောင်းလွင်နှင့် ဆရာ၊ ဆရာမများကကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ်၏ သင်ကြားရေး၊ စီမံရေးနှင့် လိုအပ်ချက်များကို မေးမြန်းပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ထားဝယ်မြို့၌ အခြေပြု ရပ်နားကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ထားဝယ်တက္ကသိုလ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ကျေးရွာများ ရွှေ့ပြောင်းရာတွင် ပြန်လည်တည်ဆောက်ပေးမည့် လူနေအိမ် နမူနာကို တွေ့ရစဉ်။ (သတင်းစဉ်)

အသက်(၂၁)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကျင်းပမည်

မန္တလေး ဇန်နဝါရီ ၂၃

မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွန်းစေရန်နှင့် မြန်မာ့လက်ရွေးစင်အသင်းများ၌ အထောက်အကူပြုရန် ရည်ရွယ်၍ အသက်(၂၁) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို မေ ၂ ရက်မှစ၍ ကျင်းပရန် စီစဉ်ထားသည်။ မြန်မာနေရှင်နယ်လိဂ် အရန်အသင်းမှ အသက်(၂၁)နှစ်အောက် လူငယ်အားကစားသမားများ ပါဝင်ကစားနိုင်သည်။

၁၉၅၂ ခုနှစ်မှစတင်ကာ ကျင်းပလာခဲ့သည့် မြန်မာနိုင်ငံ၌သက်တမ်းအရင့်ဆုံး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်ထောင်စုဒိုင်း အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကိုအခြားပြိုင်ပွဲများနှင့် နီးကပ်နေ၍ ကျင်းပနိုင်ခြင်းမရှိကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

ဘာသာပြန် - ထွန်းထွန်း

...ချို့ယွင်းခြင်းကို ကာကွယ်နိုင်

ဆက်စပ်နေသည့် မက်ကျူလာ (Macular)ယို ယွင်းပျက်စီးခြင်းသည် မျက်စိအမြင်အာရုံလွှာ၏ အလယ်တွင် ရှိသည့် မက်ကျူလာ(Macular)ပျက်စီး ဆိုးရွားလာစေခြင်းကို ဖြစ်စေသည့် မျက်စိအခြေအနေပင် ဖြစ်သည်။ မက်ကျူလာ (Macular)သည် အသက်ကြီးပိုင်းအရွယ်တွင် အမြင်အာရုံကို ချို့ယွင်းပျက်စီးစေနိုင်သည်။ ကြွက်များတွင်လည်း အသက်ကြီးပိုင်း၌ မျက်စိအမြင်ခံအာရုံလွှာ ထိခိုက်ပျက်စီးခြင်း ပိုမိုဖြစ်ပွားလေ့ရှိရာ လူတို့ကဲ့သို့ စပျစ်သီးပြည့်ဝသည့် အာဟာရ၊ လျူတိန်း(Lutein)(သို့) ပုံမှန်အာဟာရကို ကျွေး၍ စမ်းသပ်သည်။

ယင်းသို့ စမ်းသပ်ကြည့်ရာ စပျစ်သီး စားသုံးသော ကြွက်များတွင် စပျစ်သီး ပြည့်ဝအာဟာရ လျူတိန်း (Lutein) သည် မျက်စိအာရုံခံလွှာပျက်စီးခြင်းကို ကာကွယ်ပေးခဲ့သည်။ မျက်စိအမြင်အာရုံ ချို့ယွင်းပျက်စီးမှုကိုလည်း ကြိုတင် ကာကွယ်ပေးနိုင်သည်ကို သိရှိရကြောင်း ဆယ်လ်ဗီယာ ဖင်နမ်မန် (Silvia Finnernan)က ပြောသည်။

လျူတိန်း(Lutein)သည် စိမ်းညို့နေသော ဟင်းသီးဟင်းရွက်များနှင့် ဥများ၏ အဝါရောင်ဥနှစ်များတွင် တွေ့ရသော ဗီတာမင်မဟုတ်သည့် ရောင်ခြယ်ပစ္စည်းတစ်မျိုးသာ ဖြစ်သည်။ ၎င်းသည် မက်ကျူလာ (Macular) ယိုယွင်းပျက်စီးခြင်းကို တားဆီးရာတွင် (သို့)မျက်စိအမြင်အာရုံအားကောင်းခြင်းကို ကူညီပေးသည့် အာဟာရအပိုပစ္စည်းအဖြစ် လူသိများသော ရောင်ခြယ်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများအား အရေးယူမည်

မန္တလေး ဇန်နဝါရီ ၂၃

မန္တလေးမြို့တော်သည် မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ ယာဉ်သုံးစွဲမှုများပြားလာရာ နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆမှုများဖြစ်ပွားပြီး သေဆုံးဒဏ်ရာရမှုတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုကောင်းမွန်စေရန် ယာဉ်တိုက်မှုအန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ယာဉ်စည်းကမ်း ချိုးဖောက်သည့် ခရီးသည်တင်လိုင်းကားများ၊ ကိုယ်ပိုင်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း မှတ်သားဖမ်းဆီးခြင်းတို့ဖြင့် မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။**(အောက်ပုံ)**

အသက်(၁၆)နှစ်အောက် ကလေးငယ်များ မော်တော်ဆိုင်ကယ်၊ လျှပ်စစ်ဆိုင်ကယ်များ စီးနင်းမှုများပြားလာကာ ယာဉ်စည်းကမ်း ချိုးဖောက်ပါက ကလေးငယ်များအား မော်တော်ယာဉ်ဥပဒေ၊ စည်ပင်သာယာဥပဒေ၊ ဒေသန္တရ အမိန့်ပါ ဒဏ်ငွေတစ်ရပ်ဖြင့် အရေးယူနိုင်သည့်အပြင် ၎င်းကလေးသူငယ်၏ အုပ်ထိန်းသူများကိုပါ ကလေးသူငယ်ဥပဒေဖြင့် အရေးယူနိုင်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း မန္တလေးမြို့တော်နယ်နိမိတ်အတွင်း ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရန်အတွက် မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ လမ်းအသုံးပြုသူများ လိုက်နာရန် စည်းကမ်းများ ထုတ်ပြန်လျက်ရှိပြီး မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၆ အရ ထောင်ဒဏ် ၃ လ အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးထားကြောင်းသိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ မှူးရုံး အမှတ်(၃) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူး မြင့်အောင်နှင့် အဖွဲ့ ဇန်နဝါရီ ၂၁ ရက်က အလုံမြို့နယ် ဆင်မင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောစဉ်။

(ကြေးမုံ)

...းရန် ကျင့်ကြံသတိ အမြဲရှိ

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ် (၃၅)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

ဆေးပညာရပ်များတွင် ခေတ်မီတိုးတက်သော ကျန်းမာရေးကုသမှုများကို ရှေးရှုဆောင်ရွက်ရာ၌ ဆေးဝါးကုထုံးနည်းပညာရပ်များ၊ သာမန်ခွဲစိတ်မှုများအပြင် ခန္ဓာကိုယ်တွင်းရှိ အစိတ်အပိုင်းများဖြစ်သော ကျောက်ကပ်၊ အသည်း၊ နှလုံးစသည်တို့ကိုလည်း အစားထိုးကုသခြင်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ပြီဖြစ်သည်။ ထိုသို့ ခွဲစိတ်ကုသမှုများနှင့် ရောဂါကုထုံးများတွင် သွေးနှင့် သွေးအစိတ်အပိုင်းများသွင်း၍ ကုသခြင်းသည် မရှိမဖြစ်အရေးကြီးသော ကုသခြင်းဖြစ်သည်။ ဆေးပညာရှင်များ အနေဖြင့် ယခုအချိန်ထိ အတုလုပ်အစားထိုးပြီး ဖော်ထုတ်နိုင်ခြင်း မရှိသေးသည်မှာ သွေးပင်ဖြစ်သည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၏ (၃၅)ကြိမ်မြောက် သွေးလှူရှင် ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းက သွေးလှူဒါန်းမှုနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စိန်ဝင်းက ဂုဏ်ပြုကျေးဇူးတင်စကားနှင့် မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာမှ ရွှေထီးဆောင်းဆရာတော်က ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားကြသည်။

ထို့နောက် သွေးလှူရှင်ဆရာတော်အပါး ၅၀ နှင့် သီလရှင် တစ်ပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများနှင့် ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုလွှာများကို ဆက်ကပ်လှူဒါန်းကြပြီး (၁၃၁)ကြိမ်မြောက် သွေးလှူရှင်နှင့် ကျန်သွေးလှူရှင်များအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ၊ သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီးနှင့် ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သွေးလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ယနေ့ ကျင်းပသည့် အခမ်းအနားတွင် (၁၃၁)ကြိမ်မြောက် သွေးလှူရှင်တစ်ဦး၊ (၁၁၅)ကြိမ်မြောက် သွေးလှူရှင်တစ်ဦး၊ (၁၁၂)ကြိမ်မြောက် သွေးလှူရှင်တစ်ဦး၊ (၁၁၁)ကြိမ်မြောက် သွေးလှူရှင်နှစ်ဦး၊ (၁၀၈)ကြိမ်မြောက် သွေးလှူရှင် ငါးဦး၊ (၁၀၇)ကြိမ်မြောက် သွေးလှူရှင်တစ်ဦး၊ (၁၀၆)ကြိမ်မြောက် သွေးလှူရှင်တစ်ဦး၊ (၁၀၄)ကြိမ်မြောက် သွေးလှူရှင်နှစ်ဦး၊ (၁၀၃)ကြိမ်မြောက်သွေးလှူရှင်သုံးဦး၊ (၁၀၂)ကြိမ်မြောက် သွေးလှူရှင်တစ်ဦး၊ (၁၀၁)ကြိမ်မြောက် သွေးလှူရှင်တစ်ဦး၊ အကြိမ်(၁၀၀) သွေးလှူရှင် သုံးဦး၊ (၉၅)ကြိမ်မြောက် သွေးလှူရှင်လေးဦး၊ အကြိမ်(၉၀)မြောက်သွေးလှူရှင် ၁၂ ဦး၊ (၈၅)ကြိမ်မြောက် သွေးလှူရှင် ၁၄ ဦး၊ အကြိမ်(၈၀) မြောက် သွေးလှူရှင် ၂၀၊ (၇၅)ကြိမ်မြောက် သွေးလှူရှင် ၂၀၊ အကြိမ်(၇၀)မြောက်သွေးလှူရှင် ၃၂ ဦး၊ (၆၅)ကြိမ်မြောက်သွေးလှူရှင် ၂၅ ဦး၊ အကြိမ်(၆၀)မြောက်သွေးလှူရှင် ၃၂ ဦး၊ (၅၅)ကြိမ်မြောက် သွေးလှူရှင် ၃၀၊ အကြိမ်(၅၀)မြောက်သွေးလှူရှင် ၂၃ ဦး၊ အကြိမ်(၄၀)မြောက်သွေးလှူရှင် ၂၉ ဦးနှင့်၊ (၂၅)ကြိမ်မြောက် သွေးလှူရှင် ၆၀ တို့အား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အိန်ဂျလီနာဂျိုလီ စွမ်းဆောင်နိုင်လျှင် မိမိလည်း စွမ်းဆောင်နိုင်သည်ဟု ကရီနာကပူးပြောကြား

၂၀၁၁ ခုနှစ်တွင် Bodyguard နှင့် Ra.One ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ဘောလိဝုဒ်ငွေကြယ်ပွင့် မင်းသမီးချော ကရီနာကပူး**(ယာပုံ)**သည် စီးပွားရေးအရ တွက်ခြေကိုက်သည့် ရုပ်ရှင်ကားများကိုသာ ရွေးချယ်ရိုက်ကူးသည့် မင်းသမီးအဖြစ် ဝေဖန်သူများကို ပြန်လည်တုံ့ပြန်လိုက်သည်။

"ကျွန်မက ဒီလိုရုပ်ရှင်ကားကြီးတွေကို လက်ခံမရိုက်ကူးဘူးဆို၍ ဘယ်လိုဇာတ်ကားတွေကို လက်ခံရိုက်ကူးရမှာလဲ။ ဟောလိဝုဒ်ရုပ်ရှင်လောကမှာ မင်းသမီး အိန်ဂျလီနာဂျိုလီဟာလည်း ရုပ်ရှင်ဇာတ်ကားကြီးတွေကိုပဲ လက်ခံရိုက်ကူးနေတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူကနာမည်ကြီး မင်းသမီးတစ်ဦးဖြစ်လို့ပါ။ Ra. One၊ Agent Vinod၊ Bodyguard၊ Talaash ဇာတ်ကားကြီးတွေမှာ ပါဝင်သရုပ်ဆောင်ဖို့ ကမ်းလှမ်းခံခဲ့ရတယ်ဆိုတာလည်း ပရိသတ်လက်ခံမှုရှိလို့ပဲမဟုတ်လား" ဟုကရီနာကပူးက ဘောလိဝုဒ်ရုပ်ရှင် သတင်းထောက် ဆန်နီမာလစ်ခ်ကို မေးခွန်းထုတ်လိုက်သည်။

ကရီနာပူးက သူမဘောလိဝုဒ်ရုပ်ရှင်လောကသို့ စတင်ခြေချစဉ်က ဒါရိုက်တာအသစ်များ၏ လက်တည့်စမ်းသည့် ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့ရပုံများကို ပြောပြရာတွင် "ကျွန်မက Jab We Met ဇာတ်ကားနဲ့ စတင်အောင်မြင်လာတာပါ။ ဆိုလိုချင်တာက ဒီဇာတ်ကားကို ဒါရိုက်တာအသစ် Imtiaz ရိုက်ကူးခဲ့တာပါ။ ဘယ်သူမှ သရုပ်မဆောင်ချင်တဲ့ဇာတ်ကားကို ကျွန်မလက်ခံခဲ့ပါတယ်"ဟု ပြောကြားသည်။

အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်လောက၏ အောင်မြင်မှုအရှိဆုံး၊ အကျော်ကြားဆုံး ထိပ်တန်းငွေကြယ်ပွင့်များတွင် တစ်ဦးအပါအဝင်ဖြစ်သူ ကရီနာကပူးကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖြန့်ချိပြသမည့် Ek Main aur Ekk Tu ဇာတ်ကားတွင်လည်း စောင့်မျှော်ရှုစားရဦးမည်ဖြစ်သည်။ ***အင်တာနက်။***

အသားမည်းသော်လည်း သွေးရဲသည့် လေသူရဲများ (Red Tails)

၁၉၄၄ခုနှစ် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဥရောပစစ်မြေပြင်၌ မဟာမိတ်တပ်များနှင့် ဂျာမန်တပ်များ အသည်းအသန်အပြင်းအထန်တိုက်ပွဲများ ဖြစ်ပွားနေစဉ် အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်မှ ထိပ်တန်းအရာရှိပိုင်းပုဂ္ဂိုလ်များက လေ့ကျင့်မှု၊ စမ်းသပ်မှုပြည့်ဝအောင်မြင်သေးခြင်းမရှိသော တပ်စ်ကီဂီလေ့ကျင့်ရေးအစီအစဉ်မှ အာဖရိကန်-အမေရိကန်လူမည်းလေသူရဲများကို အသုံးပြုရန် မစဉ်းစားခဲ့ကြပေ။

တိုက်ပွဲဝင်လိုစိတ်ပြင်းထန်နေသည့် တပ်စ်ကီဂီလေ့ကျင့်ရေးအစီအစဉ်မှ လူမည်းစစ်သားလေသူရဲများက တိုက်ပွဲမဝင်ရလျှင် လေ့ကျင့်ရေးအစီအစဉ်ကို ဖြတ်၍ အိမ်ပြန်သွားရန်အထိ ဆန္ဒပြတောင်းဆိုလာသောအခါ နောက်ဆုံးအခွင့်အရေးအနေဖြင့် ၎င်းတို့၏ သတ္တိသွေးကိုပြသရန် စစ်မြေပြင်သို့ စေလွှတ်လိုက်ရသည်။

အသက်ကို ပဓာနမထား စွန့်လွှတ်စွန့်စားတိုက်ခိုက်လိုသော လူမည်းစစ်သားများသည် စစ်မြေပြင်ဝေဟင်၌ ထူးချွန်ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် ဒုတိယကမ္ဘာစစ်မီးကြီး နိဂုံးချုပ်ကာ ငြိမ်းချမ်းသော ကမ္ဘာကြီးဖော်ဆောင်ရာတွင် တစ်စိတ်တစ်ပိုင်းပါဝင်ခဲ့သူ လေသူရဲများအဖြစ် ဖော်ကျူးထားသော အက်ရှင်စစ်ကားတစ်ကားဖြစ်သည်။

ဒါရိုက်တာ အန်ထော်နီဟဲမင်းဝေးရိုက်ကူးတင်ဆက်ထားသော Red Tails ဇာတ်ကားသည် ဗြိတိန်နိုင်ငံ၊ ချက်သမ္မတနိုင်ငံနှင့် အီတလီနိုင်ငံတို့ကို နောက်ခံထားရိုက်ကူးထားပြီး ဇန်နဝါရီ ၂၀ ရက်က စတင်ဖြန့်ချိ ပြသနေပြီဖြစ်သည်။ အက်ရှင်စွန့်စားခန်းများနှင့် စစ်ကားများကို နှစ်သက်သဘောကျသူများ အကြိုက်တွေ့မည့် ဇာတ်ကားတစ်ကားအဖြစ် ညွှန်းဆိုလိုက်ရပါသည်။

အင်တာနက်။

အေ ဝမ်း စိုး

နိုင်ငံတကာ အားကစားသတင်း ➢➢ ဟိန်းထက်လင်း၊ နိုင်လင်းကြည်

❍ မန်ယူမှ

မန်ယူအသင်းသည် ပရီမီယာလိဂ် ပွဲစဉ် (၂၂) အပြီးတွင် ရမှတ် ၅၁ မှတ် ရရှိထားပြီး အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ရပ်တည်နေသည့် မြို့ခံပြိုင်ဘက်မန်စီးတီးအသင်း၏ နောက်တွင် သုံးမှတ်အကွာဖြင့် ဆက်လက်ရပ်တည်နေနိုင်ခဲ့ခြင်းကိုလည်း ပျော်ရွှင်မိကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် မန်ယူအသင်းအတွက် အဖွင့်ဂိုးသွင်းပေးခဲ့သည့် တောင်ပံကစားသမား ကန်တိုနိုရိုဗလန်စီယာနှင့် အနိုင်ဂိုးသွင်းပေးခဲ့သည့် ဒန်နီဝဲလ်ဘက်တို့ အပါအဝင် နောက်ခံကစားသမားများ၏ စွမ်းဆောင်ရည်နှင့် မန်ယူကစားသမားများ၏ အမှားအယွင်းနည်းစွာ ကစားနိုင်ခဲ့ခြင်းအပေါ် ချီးကျူးစကား ပြောကြားခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် ပွဲကစားချိန် ၇၁ မိနစ်တွင် ဗန်ပါစီက ဂိုးသွင်းယူပေးခဲ့ပြီး မန်ယူအသင်းအတွက် အဖွင့်ဂိုးကို ပွဲကစားချိန် ၄၅ မိနစ်တွင် ဗလန်စီယာက သွင်းယူပေးခဲ့ကာ အနိုင်ဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် ဝဲလ်ဘက်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ကျူပီအာသို့ရောက်ရှိသွားသည့် သံသယဖြစ်ဖွယ်ကောင်းသော အွန်နျူအိုဟာ၏ အပြောင်းအရွှေ့

မန်ချက်စတာ ဇန်နဝါရီ ၂၃

မန်ချက်စတာ စီးတီးအသင်းမှ ကစားသမား အွန်နျူအိုဟာ**(ယာပုံ)**သည် အဲဗာတန်အသင်းက ၎င်းအသင်း၏ နောက်တန်းတွင် ပါဝင်ကစားရန် စိတ်ဝင်စားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မန်စီးတီးအသင်းမှ ပြောင်းရွှေ့ကြေးပေါင်သုံးသန်းဖြင့် ကျူပီအာအသင်းသို့ ပြောင်းရွှေ့သွားခြင်းအပေါ် သံသယရှိနေကြကြောင်း သိရသည်။

ကျူပီအာအသင်းနည်းပြ မာ့ခ်ဟုချ်ကလည်း ဇန်နဝါရီ ၂၃ ရက်တွင် အနည်းဆုံး ကစားသမားသစ် တစ်ဦးကို စာချုပ်ချုပ်ဆိုခေါ်ယူရန် မျှော်လင့်ထားကြောင်းနှင့် အပြီးသတ်စာချုပ်ချုပ်ဆိုခေါ်ယူရန် အနီးစပ်ဆုံးမှာလည်း အွန်နျူအိုဟာသာဖြစ်ခဲ့ကြောင်း ပြီးခဲ့သည့် သီတင်းပတ်အကုန်တွင် ပြောကြားခဲ့သည်။

မန်စီးတီးအသင်း၏ အီတီဟက်ဒ်တွင် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် နည်းပြမန်စီနီ ရေးဆွဲသည့် ပွဲထွက်လူစာရင်း၌ ပါဝင်ခြင်းမရှိခဲ့သည့် အသက်(၂၅)နှစ်အရွယ်ရှိ အွန်နျူအိုဟာကို အခြားရွေးချယ်နိုင်သည့် အခွင့်အရေး တစ်ရပ်ပေးလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဲဗာတန်နည်းပြဒေးဗစ်မိုယက်စ်ကမူ ၎င်းအနေဖြင့် အဆိုပါကစားသမားအား စိတ်ဝင်စားနေသည်ကို သက်သေပြရန် အပြောင်းအရွှေ့တစ်ခုကို မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း People က သတင်းထုတ်ပြန်ထားသည်။

အွန်နျူအိုဟာသည် ယမန်နှစ်ဘောလုံးရာသီက ဆန်းဒါးလန်းအသင်းတွင် အငှားစာချုပ်ဖြင့် သွားရောက် ကစားခဲ့ပြီး လစာကောင်းကောင်းရရေး မျှော်လင့်ထားခဲ့သူလည်းဖြစ်သည်။

ကျူပီအာအသင်းသည် တန်းဆင်းဇုန်မှ လွတ်မြောက်ရေး ကစားသမားစုဆောင်းမှု တစ်ရပ်ပြုလုပ်ရန် နောက်ထပ်ကစားသမားသစ်များ စာချုပ်ချုပ်ဆိုခေါ်ယူရေး ကြိုးပမ်းလျက်ရှိသောအသင်းတစ်သင်းလည်း ဖြစ်သည်။ ***အင်တာနက်။***

မန်ယူနောက်ခံလူ ဖီးလ်ဂျုန်း ခြေချင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

မန်ချက်စတာ ဇန်နဝါရီ ၂၃

မန်ယူနောက်ခံလူ ဖီးလ်ဂျုန်းသည် ဇန်နဝါရီ ၂၂ ရက်ညက အာဆင်နယ်ကွင်းအမ်းမရိတ်သို့ သွားရောက်ကစားခဲ့ရသည့် ပွဲစဉ်အတွင်း ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သဖြင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ပွဲစဉ်အတွင်း ဖီးလ်ဂျုန်းသည် အာဆင်နယ်တောင်ပံကစားသမား ဝဲကော့ကိုဟန့်တားရန်ကြိုးစားစဉ် ဟန်ချက်ပျက်ကာ ခြေခေါက်လဲခဲ့ သဖြင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

မန်ယူအသင်းတွင် ရီယိုဖာဒီနန်၊ အန်ဒါဆင်၊ တွန်ကလီဗာလေ၊ အက်ရှ်လေယန်း၊ မိုက်ကယ်အိုဝင်၊ ဒါရင့်ဖလက်ချာနှင့် ဗီဒစ်တို့မှာ ဒဏ်ရာရရှိထားသဖြင့် ယခု ဖီးလ်ဂျုန်းထပ်မံဒဏ်ရာရရှိခဲ့ခြင်းက မန်ယူအသင်းအတွက် နောက်ထပ်ထိုးနှက်ချက်ဖြစ်လာသည်။

မန်ယူအသင်းသည် အဆိုပါပွဲစဉ်အတွင်း အာဆင်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ၎င်းတို့၏ မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းမှာလည်း စပါးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့သဖြင့် သုံးမှတ်အကွာ ဒုတိယနေရာ၌သာ ဆက်လက်ရှိနေသည်။ ***အင်တာနက်။***

စကော့ပါကာကို နောက်ပြန်ကန်ခဲ့သည့်အတွက် ဘာလော့တယ်လီ အက်ဖ်အေ၏ ပြစ်ဒဏ်ချမှတ်ခြင်း ခံရဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၂၃

ဇန်နဝါရီ ၂၂ ရက် ညက ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၂၂) ပွဲစဉ်တစ်ပွဲဖြစ်သည့် စပါးနှင့် မန်စီးတီးတို့ ပွဲစဉ်အတွင်း မန်စီးတီးတိုက်စစ်မှူး



ဘာလော့တယ်လီသည် စပါးကစားသမား စကော့ပါကာကို နောက်ပြန်ကန်ခဲ့သည့်အတွက် အက်ဖ်အေ၏ ပြစ်ဒဏ်ချမှတ်ခြင်း ခံရဖွယ်ရှိနေသည်။

သို့သော် ဗီဒီယိုအနှေးပြကွက်တွင်မူ ဘာလော့တယ်လီ **(ဝဲပုံ)** မှာ စကော့ပါကာကို တမင်ရည်ရွယ်၍ ကန်ခဲ့ခြင်းလား၊ သို့မဟုတ် မတော်တဆ ဖြစ်ခဲ့သည်လား ဆိုသည်ကို ဆုံးဖြတ်ရန် ခက်ခဲနေသည်။

ယင်းကြောင့် အက်ဖ်အေအဖွဲ့သည် ယင်းပြဿနာကို အသေးစိတ်လေ့လာကြည့်ရှုပြီး အကယ်၍ ဘာလော့တယ်လီ အနေဖြင့် တမင်ရည်ရွယ်၍ ကန်ခဲ့ကြောင်း အထင်အရှားတွေ့ရှိရပါက အက်ဖ်အေ၏ ပြစ်ဒဏ်ကို ရှောင်လွှဲနိုင်မည်မဟုတ်ပေ။

မန်စီးတီးအသင်းသည် ပွဲပြီးဆုံးခါနီး ရရှိခဲ့သည့် ပယ်နယ်တီကြောင့်သာ စပါးအသင်းကို အနိုင်ရရှိခြင်းဖြစ်သည်။

ဝုပ်ဟာဟမ်တန်ကစားသမား အီမန်နူရယ်ဖရင်ပေါင် မျက်စိဒဏ်ရာကြောင့် ဆေးရုံတက်ခဲ့ရ

လန်ဒန် ဇန်နဝါရီ ၂၃

အာဆင်နယ်အသင်းမှ အငှားစာချုပ်ဖြင့် လာရောက်ကစားနေသည့် ဝုဗ်ဟာဟမ်တန်ကွင်းလယ်ကစားသမား အီမန်နူရယ်ဖရင်ပေါင်သည် ဇန်နဝါရီ ၂၁ ရက်က အက်စတွန်ဗီလာနှင့် ကစားခဲ့သည့် ပွဲစဉ်အတွင်း ဝမ်းလျားထိုးခေါင်းတိုက်ရန် ကြိုးစားစဉ် ဗီလာကစားသမား ပက်ထရော့ဗ်နှင့် ထိခိုက်မိခဲ့သဖြင့် မျက်စိဒဏ်ရာရရှိခဲ့ရာ ဆေးရုံသို့ တက်ရောက်ကုသမှုခံယူခဲ့ရသည်။

အသက်(၂၀)ရှိ ဖရင်ပေါင်သည် အာဆင်နယ်အသင်းမှ အငှားစာချုပ်ဖြင့် လာရောက်ကစားနေသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်အထိ ဝုဗ်ဟာဟမ်တန်အသင်းနှင့် စာချုပ်ချုပ်ထားသည်။ သို့သော် ၎င်းရရှိခဲ့သည့် ဒဏ်ရာမှာ အခြားကစားသမားများနှင့်မတူဘဲ မျက်စိတွင် ဖြစ်နေသောကြောင့် မည်မျှအနားယူရမည်ကို ပြောဆို ရန်ခက်ခဲနေသေးသည်။

ဖရင်ပေါင်သည် ယခုနှစ် ဘောလုံးရာသီအတွင်း အာဆင်နယ်အသင်းအတွက် ၁၄ ပွဲကစားပေးထားသည်။ သို့သော် ၎င်းသည် အဆိုပါ ပွဲစဉ်အတွင်း ဝုဗ်ဟာဟမ်တန်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲပြီးဆုံးခါနီးတွင် ဒဏ်ရာရရှိခဲ့သဖြင့် ထမ်းစင်ဖြင့် သယ်ထုတ်ကာ ဆေးရုံသို့တင်ပို့ခဲ့ရသည်အထိ အခြေအနေဆိုးရွားခဲ့သည်။ ***အင်တာနက်။***

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာ

မင်္ဂလာပါတပည့်တို့-

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြပါမယ်။ စိတ်ကြိုက်မြန်မာစာဘာသာရပ်ဟာ အဆင့်မြင့် မြန်မာစာလေ့လာနိုင်ရေးအတွက် လမ်းခင်းပေးနိုင်တဲ့ ဘာသာရပ်ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ယူသူများဟာ မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်ပါတယ်။ မြန်မာစာပေ စကားပြေ၊ ကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်တွေကို သိလာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးစံတွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။

ဒီလို အကျိုးသက်ရောက်မှုနက်ရှိုင်းတဲ့စိတ်ကြိုက်မြန်မာစာမှာ မြန်မာဝတ္ထုတိုနှင့်မြန်မာပြဇာတ် လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းဆိုတဲ့ စာအုပ်လေးအုပ် ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် မှတ်သားသိရှိသင့်တာတွေကို ဆွေးနွေးပို့ချပါမယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ မေးခွန်းကြီး လေးပုဒ် မေးပါမယ်။

မေးခွန်းတစ်မှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်ကို မေးမှာဖြစ်တယ်။ မြန်မာဝတ္ထုတိုမှာ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ ၁၁ ဦးရဲ့ ဝတ္ထုတို ၁၁ ပုဒ်နဲ့ ပြဇာတ်သုံးပုဒ်ကို လေ့လာရမှာဖြစ်တယ်။ ဝတ္ထုတိုဆိုတာ လူအကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့ စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေဖြစ်တယ်။ ဝတ္ထုတိုဟာ တစ်ထိုင်တည်းနဲ့ ဖတ်နိုင်လောက်အောင်တိုတို ရေးဖွဲ့လေ့ရှိတယ်။ ဝတ္ထုရေးဆရာက စာဖတ်သူအာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက်ကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့တာဖြစ်တယ်။ ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ ပါဝင်တယ်။

ဇာတ်လမ်းဟာ ကျိုးကြောင်းဆက်စပ်နေတဲ့ ဖြစ်ရပ်ဖြစ်တယ်။ ဇာတ်ဆောင်များက အဲဒီဖြစ်ရပ်မှာ ပါဝင်လှုပ်ရှားရသူတွေဖြစ်တယ်။ ကာလဒေသနောက်ခံဟာ ဒီဖြစ်ရပ်မှာ ဖြစ်ပျက်လှုပ်ရှားတဲ့ အချိန်ကာလ၊ နေရာဒေသနဲ့ လူမှုအခြေအနေတို့ဖြစ်တယ်။ ဝတ္ထုရေးဆရာဟာ မိမိဆိုလိုတဲ့အချက် အာဘော်ကို ထင်ရှားပေါ်လွင်အောင် ဝတ္ထုတိုနဲ့ဖော်ပြတာဖြစ်တဲ့အတွက် ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးတဲ့အခါ ဝတ္ထုရေးဆရာရဲ့ အာဘော်ကို စာဖတ်သူနားလည်သွားမြဲဖြစ်တယ်။

ဝတ္ထုတိုများကို လေ့လာတဲ့အခါ ဝတ္ထုအာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့အသိအမြင်ဆိုတဲ့ အစီအစဉ်နဲ့ လေ့လာရမှာဖြစ်တယ်။ ဝတ္ထုအာဘော်ဆိုတာ ဝတ္ထုရေးဆရာရဲ့ဆိုလိုချက်ဖြစ်တယ်။ ဇာတ်လမ်းဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ရပ်ကို သူ့ဘက် ကိုယ့်ဘက် အားပြိုင်မှုများ ဖန်တီးခြင်း၊ ဖြစ်ရပ်ကို ကြောင်းကျိုးဆက်စပ်ပြခြင်း၊ မြုပ်ကွက်တွေကို ပြန်ဖော်ခြင်း၊ နောက်ပိုင်းဖြစ်ရပ်ကို ရှေ့ပိုင်းမှာကြိုတင် အရိပ်နိမိတ်ပြခြင်းတို့နဲ့ ဇာတ်လမ်းကို ဖန်တီးလေ့ရှိကြတယ်။

ဇာတ်ဆောင်ဖန်တီးပုံဆိုတာ ဇာတ်လမ်းပါ ဇာတ်ဆောင်တွေကို အသက်ဝင်အောင်၊ စရိုက်သဘာဝ ထင်ရှားအောင် ဖန်တီးရေးဖွဲ့ကြတယ်။ ဇာတ်ဆောင်ရဲ့ ပုံပန်း၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင်အချင်းချင်းပြောဆိုပြုမူပုံတို့ဖြင့် ဖန်တီးလေ့ရှိကြတယ်။ ဇာတ်ဆောင်တို့ရဲ့ ကိုယ်နှုတ်နှလုံး အမူအရာတို့နဲ့ ဇာတ်ဆောင်တို့ရဲ့စိတ်နေသဘောထား၊ စရိုက်သဘာဝပေါ်လွင်အောင်ရေးဖွဲ့လေ့ရှိကြတယ်။ နောက်ခံ ဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ပျက်ရာ အချိန်ကာလ၊ နောက်ခံဒေသတို့ကို ခေတ်အခြေအနေ၊ လူမှုဝန်းကျင် အခြေအနေတို့နဲ့ ထင်ဟပ်ရေးဖွဲ့လေ့ရှိတယ်။ အရေးအဖွဲ့ဆိုတာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ ဖြစ်တယ်။ ရသနဲ့အသိအမြင်ဆိုတာ ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးနောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုးရပြီး ဘယ်လိုအသိအမြင်မျိုး ရတယ်ဆိုတာ လေ့လာရမှာဖြစ်တယ်။

အမျိုးသားပညာဝန် ဦးဖိုးကျားရဲ့ ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ မောင်ဘစီဝတ္ထုတိုတစ်ပုဒ်ကို လေ့လာတဲ့အခါ အပြစ်ကင်းတဲ့အလုပ်မှန်သမျှ ဂုဏ်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး အလုပ်လုပ်ရင်း ဆက်လက်ပညာသင်သဖြင့် ဘဝအခြေအနေ တိုးတက်ကြီးပွားသွားကြောင်းအာဘော်ကို တွေ့နိုင်တယ်။ လူငယ်တစ်ယောက်ရဲ့ ခံယူချက်နဲ့ ကြိုးစားအားထုတ်မှုကို ဇာတ်လမ်းဆင်ဖန်တီးထားတယ်။ ဇာတ်လမ်းပါ မောင်ဘစီရဲ့ ရိုးသားတဲ့စိတ်ထား၊ ကြိုးစားတဲ့စရိုက်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ပြီး ဇာတ်ဆောင်ကို ဖန်တီးထားတယ်။ ပုသိမ်တလိုင်းချောင်းအရပ်နဲ့ ပုသိမ်မြို့အမျိုးသားကျောင်းဟာ ဒီဇာတ်လမ်းရဲ့ နောက်ခံဒေသဖြစ်တယ်။ စာရေးသူဦးဖိုးကျား အမျိုးသားပညာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ် သက္ကရာဇ် ၁၉၂၀ ဝန်းကျင်ကာလမှာရေးတဲ့ ဝတ္ထုဖြစ်တဲ့အတွက် ဒီဝတ္ထုရဲ့ ကာလနောက်ခံအဖြစ် သတ်မှတ်ရမယ်။ ဒီဝတ္ထုတိုမှာ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ်သွက်လက်တဲ့ရေးဟန်တွေ၊ ပေါ်လွင်ထိမိတဲ့စကားလုံးတွေနဲ့ ရေးဖွဲ့ထားတာတွေ့ရမယ်။ ရိုးသားကြိုးစားတဲ့ လူငယ်တစ်ဦးရဲ့ခံယူချက်နဲ့စိတ်ဓာတ်ကို နှစ်သက်ကျေနပ်စေတဲ့ သန္တရသခံစားစေနိုင်ပြီး အလုပ်ဟူသမျှ ဂုဏ်ရှိကြောင်း၊ ကြိုးစားလုပ်ကိုင်လျှင် အောင်မြင်နိုင်ကြောင်းဟူသည့် အသိအမြင်တွေ ရရှိကြောင်း လေ့လာဖော်ထုတ်ရမှာဖြစ်တယ်။

ပြဇာတ်သုံးပုဒ်ကို လေ့လာတဲ့အခါ ပြဇာတ်ဆိုတာ ကပြသရုပ်ဆောင်နိုင်အောင် ရေးဖွဲ့တဲ့ စာပေမျိုးဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကို လေ့လာတဲ့အခါမှာ ပြဇာတ်ရဲ့ အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံနဲ့ ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ် ဆရာရဲ့ ဆိုလိုချက်ဖြစ်တယ်။ ပြဇာတ် ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားတွေနဲ့ ဖန်တီးရတယ်။ ဇာတ်ဆောင်တို့ရဲ့ပြောစကားနဲ့ ဇာတ်ဆောင်စရိုက်ကိုလည်း ဖန်တီးရတယ်။ ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေနဲ့ နောက်ခံကာလဒေသကို ဖော်ထုတ်ရတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံ သရော်သံတွေနဲ့ ဟာသမြောက်အောင် ရေးဖွဲ့လေ့ရှိတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရမယ်။ နမူနာအဖြစ် အာဇာနည်မိခင်ပြဇာတ်ကို တင်ပြပါမယ်။ ဒီပြဇာတ်ရဲ့ အာဘော်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ အသက်ပေးသွားတဲ့ အာဇာနည်သားကောင်းရဲ့ မိခင်ဖြစ်ရတာ ဂုဏ်ယူတဲ့ အာဇာနည်မိခင်တစ်ဦးရဲ့စိတ်ဓာတ်ကို ဖော်ပြလိုတဲ့ စာရေးသူ၏ အာဘော်ကိုတွေ့ရမယ်။ ဂျပန်ခေတ်မှာ ဖက်ဆစ်တော်လှန်ရေးအတွက် အရှိန်ယူနေခိုက် တော်လှန်ရေးကို လမ်းခင်းပေးတဲ့ ပြဇာတ်တစ်ပုဒ်ဖြစ်တယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားတွေကမှ ဇာတ်ဆောင်စရိုက်၊ နောက်ခံဝန်းကျင်နဲ့ ပြဇာတ်ပါ အရေးအဖွဲ့တို့ကိုလည်း လေ့လာဖော်ထုတ်ရမှာဖြစ်တယ်။ အရေးအကြီးဆုံး အချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့ အံဝင်ခွင်ကျဖြေတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း (၂)ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆိုရှင်မဟာရဋ္ဌသာရကဖွဲ့ဆိုခဲ့တယ်။ ၅၅၀ နိပါတ်တော်မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်။ ဒီပျို့ကို ရေးချိန်မှာ ဆရာတော်ဟာ အသက်(၆၀)ဝန်းကျင်ကို ရောက်နေပြီဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံ စုံလင်နေပြီလည်းဖြစ်တယ်။ ဒါကြောင့်မို့ ဒီပျို့ကိုရေးတဲ့အခါမှာ စာဖတ်သူအလိမ္မာတိုးစရာ အကြောင်းအရာတွေ များစွာပါဝင်လာပါတယ်။ အကြောင်းအရာအနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင် ဖြစ်ပါတယ်။

သံဝရပျို့ကို လေ့လာတဲ့အခါမှာ အကြောင်းအရာကိုရော အရေးအဖွဲ့ကိုပါ လေ့လာရမှာဖြစ်ပါတယ်။

အကြောင်းအရာကို လေ့လာတဲ့အခါမှာ နိဒါန်းမှာခွဲပြထားတဲ့ အခန်းများအလိုက် လေ့လာသင့်ပါတယ်။ ခမည်းတော်နှင့် သံဝရမင်းသားပြောဆိုခန်း၊ ဆရာအမတ်ကြီးနှင့် တိုင်ပင်ခန်းများ စသည်ဖြင့် ခွဲခြားလေ့လာရပါမယ်။

ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာဖို့လိုအပ်ပါတယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင် သုံးဦးတွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်တွေရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတို့ကို မိမိအရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရပါမယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့ အဖွဲ့ကောင်းများ၊ စကားပုံများ၊ ဆိုရိုးစကားများစတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမယ်။ သာဓကပြရမယ်ဆိုရင်

"ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့ လက်မြှောက်ဦးတင်၊ မြဲလှချင်" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ သံဝရမင်းသားရဲ့ ခမည်းတော်မင်းကြီးဟာ သားတော်ကြီးများ နည်းတူ ဇနပုဒ်ပေးရန် သံဝရမင်းသားအား ပြောကြားတဲ့အခါမှာ သံဝရမင်းသားက "ခမည်းတော်မင်းကြီး၏ ရွှေစက်ဖဝါးစုံအောက်၌ မိမိ၏လက်ကို ကြာဖူးကြာငုံသဖွယ် လက်အုပ်ချီကာ နဖူးပေါ်လက်တင် ရှိခိုးဦးတင်လျက် ဖခင်အပါးမှာ အမြဲထာဝရပြုစုခွင့်ပြုပါရန် နားတော်လျှောက်ကြောင်း ဖော်ပြဖို့ဖြစ်ပါတယ်။

"ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ ကပ်လျှာယဉ်လွယ်၊ သမင်နှယ်"ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ ပျားရည်လူးတဲ့မြက်ကို နေ့စဉ်ရက်ဆက်စားရပါများတဲ့အခါ ယဉ်ကျေးလာတဲ့ သမင်ဟာ လူအနားကို အလွယ်တကူကပ်လာတယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဘယ်လိုသမင်မျိုး ဆိုတာကို ဖော်ပြဖို့လိုပါတယ်။ ဝါတာမိဂဆိုတဲ့ လေကဲ့သို့လျင်မြန်တဲ့သမင်ဟာ လူမြင်လို့ရှိရင် တောထဲမှာ (၇) ရက် ပုန်းနေလေ့ရှိပါတယ်။ အဲဒီလို ဝါတာမိဂသမင်မျိုးဟာ ပျားရည်လူးတဲ့ မြက်ကိုစားရဖန်များလာတဲ့ အခါမှာ ယဉ်ပါးပြီးနောက် လူ့အနားကို ကပ်လာတယ်လို့ ဆိုချင်ကြောင်း အပြည့်အစုံပြောရပါမယ်။

"ထုတ်ချင်းယဉ်ကြား၊ လွန်းလျှင်သွားသို့" ဆိုတဲ့ ဥပမာအလင်္ကာဆိုရင်လည်း ယဉ်ကြားဆိုတာဟာ ရက်ကန်းစင်ကယဉ်သွားများကို ဆိုလိုကြောင်း ပေါ်လွင်အောင်ရေးရပါမယ်။ ယဉ်သွားများမှာ လွန်းဟာ ထုတ်ချင်းပေါက်ပြီး အလွယ်တကူသွားသလိုပါပဲဆိုတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် ဖြေရပါမယ်။

ဆက်လက်ပြီး ဆိုရိုးများအကြောင်းကို ရှင်းလင်းဆွေးနွေးပါမယ်။ ရှင်မဟာရဋ္ဌသာရရဲ့ပျို့များမှာ ဆိုရိုးစကားများ၊ စကားပုံများအလွန်ပါပါတယ်။ စကားများသည်ပင်လျှင် နောင်အခါဆိုရိုးများ၊ စကားပုံများ ဖြစ်သွားတာကို တွေ့ရပါတယ်။ ဒီသံဝရပျို့မှာ "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း" ဆိုတဲ့ဆိုရိုးစကားလေးကို တွေ့ရပါမယ်။ ဒီနေ့ခေတ်မှာ အလွန်သုံးလေ့ရှိသော ဆိုရိုးဖြစ်ပါတယ်။ ကိုယ်တစ်ယောက်ချမ်းသာဖို့အတွက် အများဆင်းရဲရတယ်ဆိုတဲ့အဓိပ္ပာယ် ဖြစ်ပါတယ်။ အဲ့ဒီလိုပဲ အနှစ်သာရမရှိတဲ့ လူ့ဘဝကို ရှင်မဟာရဋ္ဌသာရက "ကြက်ဥသံချောင်"လို့ပြောပါတယ်။ ဒီစကားကလည်း ဆိုရိုးအဖြစ်နဲ့ ယခုတိုင် သုံးစွဲကြပါတယ်။ အဆန်ချောင်တဲ့ကြက်ဥဆိုတဲ့အနေနဲ့ တင်စားပြီး သုံးစွဲခြင်းဖြစ်ပါတယ်။

ဒီလိုပဲ"အငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်"ဆိုတဲ့အဖွဲ့ကိုလည်းတွေ့ရပါမယ်။ အဲဒီအဖွဲ့ကလည်း ဆိုရိုးစကားအဖြစ်နဲ့ မြန်မာလူမှုနယ်ပယ်မှာ တွင်ကျယ်နေပါတယ်။ မိဘဆိုတာ သားသမီးကို ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့မယ်။ ငယ်ငယ်ကတည်းက မဆုံးမ မသွန်သင်ခဲ့ဘူးဆိုရင် ဒီမိဘသည် ရန်သူနှင့်တူသောမိဘဖြစ်တယ်လို့ ဆိုလိုပါတယ်။

အဲဒီဆိုရိုးစကားများ ရှင်းရှင်းလင်းလင်း သိရှိနားလည်ပြီးတော့ ပြန်လည်ရေးသားတတ်ရမှာဖြစ်ပါတယ်။ သံဝရပျို့မှာ အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက်စွဲမက်ဖွယ်ကောင်းတဲ့ အဖွဲ့ကောင်းများကို တွေ့ရမှာဖြစ်ပါတယ်။ ငါးတို့သည် သူတို့ဘာသာဘာဝအလိုက် တံငါကကွန်ကိုကြဲပါ ဖြန့်ပါမှဝင်လာ တတ်ကြပါတယ်။ တံငါသည်က ကွန်ကို မကြဲမဖြန့်ဘဲ ကိုင်ဆုပ်ထားရင် ငါးတွေကဝင်မလာတတ်ပါဘူး။

အဲဒီလိုပဲ လူတွေကို လက်ဆောင်ပစ္စည်းပေးခြင်းဖြင့် လူတွေရဲ့ချစ်ခြင်းမေတ္တာ၊ လူတွေရဲ့ခင်မင်မှု အဲဒါတွေကို အလွယ်တကူရရှိနိုင်မယ်။ ဒီသဘောသဘာဝတွေကို ဆရာတော်ရှင်မဟာရဋ္ဌသာရက"ငါးတို့ဘာသာ၊ တံငါကွန်စွန့်၊ ပစ်ကြဲဖြန့်မှ၊ ဝင်လာကြ၏၊ ကွန်ကိုတံငါ၊ ကိုင်ဆုပ်ငှာလျှင်၊ တီမှာငါးများ၊ ဝင်လာငြားအံ့"။ "သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြစ်လျှင်၊ ချစ်ခွင့်လွယ်ကူ၊ မြို့လုံးချူ"စသည်ဖြင့် အဖွဲ့ကောင်းများကို ထုတ်နုတ်ပြီးတော့ လေ့လာကျက်မှတ်ထားဖို့၊ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ စကားပြေနဲ့ပြန်လည်ပြီး ရေးသားနိုင်ဖို့ ကျင့်ထားရမှာဖြစ်ပါတယ်။

မေးခွန်း (၂)မှာ ပုဒ်ခွဲ(၂)ခုပါတယ်။ ၂ (က)မှာပျို့စာကိုယ်လာစာပိုဒ်တွေကို ရှင်းပြရမှာဖြစ်တယ်။ ၂(ခ)မှာတော့ ဇာတ်ဆောင်အလိုက် ဇာတ်ခန်းအလိုက် ပျို့တစ်စောင်လုံးအလိုက် အကြောင်းအရာ အရေးအဖွဲ့နဲ့ သုတရသသင်ခန်းစာတွေကို မေးမှာဖြစ်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❁

စာမျက်နှာ ၁၅ မှ

ပြဟ္မဒတ်မင်းကြီး၏ဂုဏ်ရည်၊ အနှစ်သက်ဆုံးအခန်း၊ ဖခင်နှင့် သားတို့၏ နှစ်လိုဖွယ်ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သော သဘောစသည်ဖြင့် မေးနိုင်ပါတယ်။ ရှုထောင့်အထွေထွေက လေ့လာထားရင် ပျို့ကဗျာဖြေဆိုရတာဟာ အလွန်နှစ်သက်ကြည်နူးစရာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ မြန်မာကဗျာဖွဲ့နည်းမေးခွန်းဖြစ်တယ်။ မြန်မာကဗျာဖွဲ့နည်း ပြဋ္ဌာန်းစာမှာ မြန်မာကဗျာရဲ့ အခြေခံကျတဲ့ကဗျာဖွဲ့နည်းတွေကို သာဓကများစွာနဲ့ရှင်းပြထားတယ်။ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း စတဲ့ကဗျာတွေရဲ့ သဘောအဓိပ္ပာယ်တွေ၊ အဲဒီကဗျာတွေရဲ့စပ်နည်းတွေ၊ ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန်၊ ဇဝနညာဏ်၊ လက်တန်းညာဏ်စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို ကျက်မှတ်ရမှာ ဖြစ်ပါတယ်။ မေးခွန်း(၃)ပိုဒ်ခွဲ(က)မှာ အဲဒီကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာဖြစ်တယ်။ (၄)ခုပေးထားပြီး (၂)ခုဖြေရပါမယ်။

မေးခွန်း (၃)ပိုဒ်ခွဲ(ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး အဲဒီကဗျာရဲ့အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာ ဖြစ်တယ်။ သာဓကပြရမယ်ဆိုရင်-

"အောင်ပင်နှင့် နန္ဒာ
ကြာစုံကမ္ဘေး။
တစ်ကန်ကိုတစ်ကန်ဆက်ပါလို့
ဂယက်တွေပင်လယ်နှိုင်းသင့်တယ်
လှိုင်းကြက်ခွပ်ဖွေး။"

ဆိုတဲ့ ကဗျာကိုပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဖြေရပါမယ်။ ဒါနဲ့ ကြာ၊ ဆက်နဲ့ယက်၊ နှိုင်းနဲ့လှိုင်းတို့ဟာ ပိုဒ်တွင်းကာရန်တွေဖြစ်တာကြောင့် ခရေပွင့်ပြရမှာဖြစ်တယ်။ မွှေးနဲ့ဖွေးကတော့ ပိုဒ်ဆုံးကာရန်ဖြစ်တာကြောင့် အပေါင်းလက္ခဏာနဲ့ပြရပါမယ်။ အခြားစကားလုံးများကိုတော့ တုံးတို အမှတ်အသားပြရပါမယ်။ ပထမအချိုး "ကြာစုံကမ္ဘေး" ရဲ့အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ ဒုတိယအချိုးဖြစ်တဲ့ "လှိုင်းကြက်ခွပ်ဖွေး" ရဲ့အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခုချရပါမယ်။ မေးခွန်းမှာ အလျားလိုက်ဖော်ပြထားတဲ့ကဗျာကို အဖြေမှာ သူ့ကဗျာပုံစံအတိုင်း ဒေါင်လိုက်ပြန်ရေးရပါမယ်။ အဲဒီလိုဖြေဆိုရင် အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

မေးခွန်း(၄)ကတော့ မြန်မာစာပေသမိုင်း ပြဋ္ဌာန်းစာတွေကို မေးပါမယ်။ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။ ခေတ်ဆိုတဲ့ နောက်ခံကာလဝန်းကျင်ကို အကြောင်းပြုပြီး ပေါ်ထွန်းလာတဲ့ မြန်မာစာပေအထွေထွေကို ကဏ္ဍအလိုက်ပြုစုထားတဲ့ ပြဋ္ဌာန်းစာဖြစ်တယ်။

မေးခွန်း(၄) (က)က မြန်မာစာပေသမိုင်း ဓမ္မဋ္ဌာန်မေးခွန်းတွေဖြစ်တယ်။ (၈)ခုမေးထားပြီး (၅)ခုဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့ စာပေဆိုင်ရာအချက်အလက်တွေကို မေးပါမယ်။ ဓမ္မဋ္ဌာန်မေးခွန်းဖြစ်တဲ့အတွက် တိုတိုနဲ့တိတိကျကျ ဖြေရပါမယ်။ "ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း"လို့ မေးထားရင် ဗုဒ္ဓဝင်ဝတ္ထုဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်လို့ ဖြေရပါမယ်။ ဆရာဇော်ဂျီ မြန်မာမှုပြုထားသော ပြဇာတ်အမည်သည် အဘယ်နည်းလို့ မေးရင် "မဟာဆန်ချင်သူပြဇာတ်" လို့ ဖြေရပါမယ်။ ခွေးဝတ္ထုက လှုံ့ဆော်သောစိတ်ဓာတ်ကိုရေးပါဆိုရင် "အမျိုးသားရေးစိတ်ဓာတ်"လို့ ဖြေရပါမယ်။ တိကျမှန်ကန်ရင် အမှတ်ပြည့်ရမယ့် မေးခွန်းတွေဖြစ်ပါတယ်။

မေးခွန်း(၄) (ခ)ကတော့ မြန်မာစာပေသမိုင်းနဲ့ပတ်သက်ပြီး ချိုင့်ဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာလည်း ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် အဲဒီခေတ်နှစ်ခေတ်က စာပေအခြေအနေတွေကို မေးမှာဖြစ်ပါတယ်။ သာဓကပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် မဟာဂီတသီချင်းများအကြောင်းကို လေ့လာတင်ပြပါ (သို့မဟုတ်) ကိုလိုနီခေတ် သမိုင်းနောက်ခံဝတ္ထုများအကြောင်းကို ဆွေးနွေးပါ" ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်နှစ်ခေတ်ရဲ့စာပေသမိုင်းကို ကဏ္ဍအလိုက် ဆစ်ပိုင်းကျက်မှတ်ထားဖို့ လိုပါတယ်။ ဖြေဆိုရာမှာလည်း ပြည့်ပြည့်စုံစုံ ပြေပြေပြစ်ပြစ် ရေးသားနိုင်ရပါမယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်း(၄)ပုဒ်ပဲဖြေရပြီးတော့ ပြဋ္ဌာန်းစာ(၄)အုပ်မှာ (၁)အုပ်ကို (၁)ပုဒ် မေးမှာဖြစ်ပါတယ်။ မေးခွန်းတွေကိုချန်ပြီး ခြွင်းပြီးဖြေရင် မအောင်နိုင်ပါဘူး။ ပြဋ္ဌာန်းစာ (၄)အုပ်ကိုလည်း ချန်ပြီး ခြွင်းပြီး ကျက်လို့မရပါဘူး။ (၄)အုပ်လုံးကို ကျေကျေညက်ညက် လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ အဲဒီလို ကျေညက်နေမယ်ဆိုရင် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမယ့်သူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ပျော်ရွှင်အောင်မြင်စွာဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေးပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

ရန်ကုန်မြို့နှင့်ပြင်ဦးလွင်မြို့တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ပုဂ္ဂလိကစာသင်ကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော်တွင် စီးပွားရေး၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် အထောက်အကူဖြစ်စေရန် ရန်ကုန်မြို့နှင့် ပြင်ဦးလွင်မြို့ရှိ အောက်ဖော်ပြပါအဆောက်အအုံနှင့် မြေကွက်များတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ပုဂ္ဂလိကစာသင်ကျောင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် တင်ဒါပေးသွင်းနိုင်ရေးခေါ်ယူအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆-စီ)၊ မြေကွက်အမှတ်(၄၈)ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ငွေစာရင်းရုံး(ရုံးဟောင်း)မြေ(၄. ၉၁၆)ဧကနှင့် အဆောက်အအုံ(၁၇)လုံး။ (ရှေးမူမပျက်အဆင့်မြင့်ပြင်ဆင်ပြီး ဟိုတယ်၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်ရန်အတွက်သာ)

(ခ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဧည့်ဂေဟာလမ်း၊ ရပ်ကွက်ကြီး(၆)၊ ဦးပိုင်အမှတ်(၃၄/၂၁၀)ရှိ ယုဇနမြိုင်ရိပ်သာမြေ(၁၄. ၆၆)ဧကနှင့် အဆောက်အအုံ(၆)လုံး။
(ဂ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဧည့်ဂေဟာလမ်း၊ ရပ်ကွက်ကြီး(၆)၊ ဦးပိုင်အမှတ်(၂၈/၂၇၂)ရှိ ချယ်ရီမြိုင် ရိပ်သာမြေ(၁၄. ၈၆)ဧကနှင့် အဆောက်အအုံ(၇)လုံး။
(ဃ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဧည့်ဂေဟာလမ်း၊ ရပ်ကွက်ကြီး(၆)၊ ဦးပိုင်အမှတ်(၁၆/၇၄)ရှိ သဇင်မြိုင်ရိပ်သာမြေ(၇. ၂၆)ဧကနှင့် အဆောက်အအုံ(၅)လုံး။
(င) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဧည့်ဂေဟာလမ်း၊ ရပ်ကွက်ကြီး(၆)၊ ဦးပိုင်အမှတ်(၂၉)ရှိ မြေ (၁. ၈)ဧက နှင့် အဆောက်အအုံ(၁)လုံး။
(စ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဧည့်ဂေဟာလမ်း၊ ရပ်ကွက်ကြီး(၆)၊ ဦးပိုင်အမှတ်(၃၀)ရှိ မြေ(၃. ၃၄)ဧကနှင့် အဆောက်အအုံ(၁)လုံး။
(ဆ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ခေမာရဉ်လမ်း၊ ရပ်ကွက်ကြီး(၆)၊ ဦးပိုင်အမှတ်(၁၅)ရှိ ခေမာရဉ် ရိပ်သာမြေ(၈. ၉၀)ဧကနှင့် အဆောက်အအုံ(၁)လုံး။
(ဇ) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊အကွက်အမှတ်(အာရ်အေ-၅)၊ ဦးပိုင်အမှတ်(၉)၊ မြို့တော်ခန်းမအနီးရှိ မြေ(၅. ၇၁)ဧကနှင့် အဆောက်အအုံ(၃)လုံး။

၂။ အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဖော်ပြပါအဆောက်အအုံနှင့် မြေကွက်များကို သတ်မှတ်ထားသည့်အတိုင်း နှစ်ရှည်ငှားရမ်းသွားမည်ဖြစ်ပြီး ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်လိုသည့်လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို စစ်ထောက်ချုပ်ရုံး၊ ရုံးအမှတ်(၉)နေပြည်တော်သို့ ၂၁-၂-၂၀၁၂ ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါတင်သွင်းရာတွင် အောက်ပါအချက်အလက်များပါဝင်ရမည်-

(က) ကုမ္ပဏီအမည်
(ခ) ငှားရမ်းလိုသည့်စနစ်
(ဂ) ငှားရမ်းခနှုန်းထား
(ဃ) ရင်းနှီးမြှုပ်နှံမည့်ပမာဏ
(င) ဆောင်ရွက်မည့်လုပ်ငန်း
(စ) ကုမ္ပဏီမှတ်ပုံတင်နှင့် ငွေကြေးပိုင်ဆိုင်မှု

၄။ အဆိုပြုတင်သွင်းသူများသည် အဆိုပြုလွှာပါလုပ်ငန်းများကို မိမိတို့ကုမ္ပဏီအနေဖြင့် ကိုယ်တိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး အငှားချထားစဉ်ကာလအတွင်း ယင်းမြေ၏လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထပ်ဆင့်အငှားချထားခြင်း၊ ထုခွဲရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် ထပ်ဆင့်လွှဲပြောင်းခြင်း မပြုလုပ်ရပါ။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက စစ်ထောက်ချုပ်ရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ စစ်ထောက်ချုပ်ရုံး ဖုန်း-၀၃၆-၃၁၁၂၀၊ ၀၃၆-၃၁၁၄၄၊ ၀၃၆-၃၁၀၆၆ တင်ဒါပေးပို့ရမည့်လိပ်စာ- စစ်ထောက်ချုပ်ရုံး (ထောက်-၅က)၊ မြေနှင့်အဆောက်အအုံငှားရမ်းရေး အဆိုပြုတင်ဒါ၊ နေပြည်တော်။ (လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အိတ်ပိတ်ပေးပို့သွားရန်။)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Digital Copier (A3)(IR 6055) (With Feeder & Sorter)	1 No
(ခ)	Air Conditioner (Split Type) 1.5 HP	5 Nos
(ဂ)	Laser Facsimile Model L-140, Cartridge	2 Nos

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - အိတ်ဖွင့်တင်ဒါများကို ၂၆-၁-၂၀၁၂ရက်မှ၃၁-၁-၂၀၁၂ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄နာရီအတွင်း နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၁-၂-၂၀၁၂ရက် မွန်းလွဲ ၂နာရီအတွင်း နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၁၅၃နှင့် ၀၆၇-၄၀၇၁၅၂တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်

(Open Tender)
(CE)(2011-2012)
294332, 291994

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ(၀.၀၈၅)ဧကရှိ ဦးသံချောင်း အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား အမည် ဦးမြင့်ဝင်း နိုင်ငံသားစိစစ် ရေးအမှတ် [၉/ တကန(နိုင်)၀၀၄၉၀၀]၊ အဘအမည် ဦးသံချောင်းမှ ပိုင်ဆိုင်ကြောင်း အထောက် အထားများတင်ပြပြီး မြေငှားဂရန်အမည်ပြောင်း၊ဂရန်သစ်လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ဒေသတွင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နိုင်ငံများကို လေ့လာပါက ပို့ကုန်ဦးစားပေးစီးပွားရေးပုံသဏ္ဌာန်များ ကျင့်သုံးခဲ့သည်ကို တွေ့ရ အမယ်သစ်ပို့ကုန်များ တိုးမြှင့်တင်ပို့ရေး၊ ဈေးကွက်ချဲ့ထွင်ရေး ကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၂၃

ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ထုတ်လုပ်မှုနှင့်ကုန်သွယ်မှု မြှင့်တင်ရေးသည် အရေးပါကြောင်း၊ မကြာမီကာလအတွင်း အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ (AFTA) ကို အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ရာ National Level Industrial Forum (အမျိုးသားအဆင့် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍဆိုင်ရာဆွေးနွေးပွဲ) တစ်ရပ် ကျင်းပနိုင်ရန်စီစဉ်လျက်ရှိကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် Trade Promotion (ကုန်သွယ်မှုမြှင့်တင်ရေး)၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး (Trade Facilitation) နှင့် ပြေလျော့ရေး (Liberalization) ဆိုင်ရာကိစ္စရပ်များကို စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသည့် စံနှုန်းများနှင့် အကြံပြုဆွေးနွေးကြစေလိုကြောင်း၊ ပို့ကုန်တိုးမြှင့်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန် အထောက်အကူပြု ဘဏ်စနစ် (EXIM Bank) နှင့် Trade Institute များ ထူထောင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

ဒေသတွင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နိုင်ငံများကို လေ့လာပါက **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

ယနေ့ သတင်းအညွှန်း

ရန်ကုန်မြို့ရှိ ဈေးများအားလုံး ပြန်လည်အဆင့်မြှင့်တင် ပြုပြင်သွားမည်

ပြည်တွင်းသတင်း စာမျက်နှာ - ၅

သံသယဖြစ်ဖွယ်ကောင်းသော အွန်နျူအိုဟာ၏ အပြောင်းအရွှေ့

အားကစားသတင်း စာမျက်နှာ - ၁၀

အသားမည်းသော်လည်း သွေးရဲသည့် လေသူရဲများ (Red Tails)

နိုင်ငံတကာရုပ်ရှင် စာမျက်နှာ - ၁၀

အမေရိကန်လေယာဉ်တင်သင်္ဘော ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်း

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာ သင်ခန်းစာကို စာမျက်နှာ ၁၅၊ ၁၆ တွင် ဖော်ပြထားပါသည်။

နိုင်ငံတကာအားကစား

မန်ယူကစားသမားများ၏ကစားပုံကို ကျေနပ်အားရကြောင်း နည်းပြဖာဂူဆန် ချီးကျူးစကားပြောကြား

မန်ချက်စတာ ဇန်နဝါရီ ၂၃

မန်ချက်စတာယူနိုက်တက်အသင်းသည် ဇန်နဝါရီ ၂၂ရက်(တနင်္ဂနွေနေ့)ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ်(၂၂)အဖြစ် အမ်းမရိတ်ကွင်း၌ အာဆင်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းနှင့်ပတ်သက်၍ ကစားသမားများ၏ ကစားပုံကို ကျေနပ်အားရမိသည်ဟု မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က ပြောကြားလိုက်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ❍

ကစားသမားများအား အားရကျေနပ်မိသည်ဟု ဆိုခဲ့သည့် မန်ယူနည်းပြ ဆာအဲလက်စ်ဖာဂူဆန်။

အညာကျေးလက်၏ ဟန်ပန်အငွေ့အသက်များဖြင့် စိတ်ကူးယဉ်ထုလုပ်ထားသည့် ကျေးတောသူအလှများ၏ သဏ္ဌာန်ကလည်း ကြည့်ရသူတို့အတွက် စိတ်အေးချမ်းသာရှိစေမည်။

သွားရောက်လေ့လာသင့်သည့် မော်ရုံတောမှ ကမ္ဘာ့အကြီးကျယ်ဆုံး သစ်ပန်းပုပြပွဲ ပြိုင်ပွဲနှင့် အရောင်းပွဲတော်

★ သတင်းမှတ်စု - ကိုရင်သာဂီ ★

ကမ္ဘာ့အကြီးကျယ်ဆုံး သစ်ပန်းပုပြပွဲပြိုင်ပွဲနှင့် အရောင်းပွဲတော်ကျင်းပမည်ဆိုသည့် သတင်းအနံ့ကြောင့် ပွဲတော်ကျင်းပမည့် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာသို့ ရောက်ခဲ့သည်။ ပလာဇာအတွင်း ချင်းနင်းဝင်ရောက်မိသည်နှင့် မော်ရုံတောထဲရှိ သားရဲတိရစ္ဆာန်တွေကြားမျက်စိသငယ် နားသငယ်နှင့် ရောက်ရှိသွားရသည့်နှယ် ထင်မိရသည်။ တွေ့မြင်နေရသည့် သစ်ပန်းပုရုပ်ကြီးများကလည်း အံ့သြဖွယ်ရာ၊ ဆင်ဆိုလျှင်လည်း ဆင်အရွယ်အစား၊ မြင်းဆိုလျှင်လည်း မြင်းအရွယ်ဆိုတော့ အဘယ်မှာ မအံ့သြဘဲ နေနိုင်ပါမည်နည်း။ ကမ္ဘာကျော်ကင်းကောင် ရုပ်ရှင်ဇာတ်ကားထဲက ကင်းကောင်ကြီးကလည်း သူ၏ ပရိသတ်ကို သူ၏ပုံစံအတိုင်း မာန်အပြည့်ဖြင့် မျှော်လင့်နေဟန်ကလည်း တစ်မျိုး၊ ပလာဇာ၏ အောက်ထပ်၊ ပထမထပ်နှင့် ပြင်ပမြေနေရာကွက်လပ်၌ပါ **စာမျက်နှာ ၇ ကော်လံ ၃ သို့** ✳

လူကုန်ကူးမှုဆိုင်ရာ သတင်းများ ဆက်သွယ်ပေးပို့နိုင်

နိုင်ငံတော်က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း-၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၅၅၅၇၇၇ နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့ဖြစ်ကြောင်း သိရှိရသည်။